# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# ပဥ္စမပုံမှန်အစည်းအဝေး
# (၂၇) ရက်မြောက်နေ့ မှတ်တမ်း

အကြမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၂ |
| ၃ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၇) ရက်မြောက်နေ့ အစီအစဉ်ကြေညာခြင်း | ၂ |
| ၄ | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၂ |
| ၅ | ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း | ၃ |
| ၆ | (က) ရွေးကောက်ပွဲ ကန့်ကွက်လွှာတင်သွင်းမှုတွင် အမှုရှုံးနိမ့်သူက အနိုင်ရသူအား စရိတ်ငွေကျပ် ၁၅ သိန်း ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၄ |
| ၇ | (ခ) မတူပီမြို့၊ အရှေ့ခိုဘွေ အ.လ.က(ခွဲ) ကျောင်းအား အ.လ.က ကျောင်း အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၄ |
| ၈ | (ဂ) ခေါင်လန်ဖူးမြို့နယ်၊ အ.လ.က(ခေါဘူဒဲ) နှင့် အ.လ.က (ဒီးလာဝါဇီ) ကျောင်းများတွင် အရေးတကြီး လိုအပ်သော ကျောင်းဆောင် ၆ ခန်းတွဲ တစ်ထပ်ပျဉ်ကာ၊ ပျဉ်ခင်း၊ သွပ်မိုး အသစ်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၉ |
| ၉ | (ဃ) သနပ်ပင်မြို့နယ်၊ အ.ထ.က(ခွဲ) နတ်ရေကန်၊ အောက်ခရမ်း၊ တောင်ဘက်ကမ်းနှင့် ကုက္ကိုတို့ကို အ.ထ.က များအဖြစ်လည်းကောင်း၊ အ.လ.က မိုးခိုင်ကြီးကို အ.ထ.က(ခွဲ)အဖြစ်လည်းကောင်း၊ အ.လ.က(ခွဲ) ဉာဏ်ကျွန်း၊ ဝဲပြန်၊ ဇီးပင်၊ ကျိုက်ပဒိုင်ကြီး၊ ကပင်၊ ကျွဲဖြူချောင်း၊ ကသဲကုန်း၊ ကလိုင်၊ ကသစ်ဝိုင်နှင့် အောက်တကဲကျောင်းများကို အ.လ.က အဖြစ်လည်းကောင်း၊ အ.မ.က(ခွဲ) ကုလားတဲစု ကို အ.မ.ကအဖြစ်လည်းကောင်း၊ ကိုယ့်အားကိုယ်ကိုး ခရာစု ကျေးရွာဟောင်း တွဲဖက်မူလတန်း ကျောင်းနှင့် ကိုယ်အားကိုယ်ကိုး စံပြလေး တွဲဖက်မူလတန်းကျောင်းတို့ကို မူလတန်းကျောင်း(ခွဲ)များ အဖြစ်လည်းကောင်း အဆင့်တိုးမြှင့်ပေးရန်နှင့် ကျောင်းသားဦးရေနှင့် | ၂၂ |

ဆရာအချိုးမညီမျှသော ကျောင်းများတွင် လိုအပ်သော ဆရာများ ခန့်ထားပေးရန် အစီအစဉ်ရှိ/မရှိနှင့်မေးခွန်းသည့်မေးခွန်း

၁၀ (င) ဟုမ္မလင်းမြို့နယ်အတွင်းရှိ ၂၀၁၇-၂၀၁၈ တွင် တည်ဆောက်ရန် ဘတ်ဂျက်ကျသည့် ကျောင်းများအား ကျေးရွာကော်မတီ ဆောက်လုပ်ခွင့် တောင်းခံပါက ချထားပေးရန် အစီအစဉ်ရှိ/မရှိတို့နှင့်စပ်လျဉ်းသည့် မေးခွန်း ၂၇

၁၁ ပြည်သူ့လွှတ်တော် လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ နှစ်ပတ်လည်အစီရင်ခံစာ တင်ပြခြင်း ၃၀

၁၂ ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာစီမံခန့်ခွဲမှု ကော်မတီ၏ နှစ်ပတ်လည် အစီရင်ခံစာတင်ပြခြင်း ၄၃

၁၃ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၇) ရက်မြောက်နေ့ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၈) ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း ၆၃

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး

## (၂၇)ရက်မြောက်နေ့ အစီအစဉ်

## [ ၇-၇-၂၀၁၇ ] (သောကြာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးကျော်ရွှေ၊ ရမ်းဗြဲ မဲဆန္ဒနယ်၏ **ရွှေးကောက်ပွဲကန့်ကွက်လွှာ တင်သွင်းမှုတွင် အမှုရှုံးနိမ့်သူက အနိုင်ရသူအား စရိတ်ငွေ ကျပ် (၁၅)သိန်းပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးအောင်လှိုင်ဝင်း၊ မင်္ဂလာဒုံ မဲဆန္ဒနယ်၏ **ဆေးတက္ကသိုလ်ဝင်ခွင့် သတ်မှတ်ရာတွင် ကျောင်းသူများ၏ ဝင်ခွင့်အမှတ်မှာ ကျောင်းသား များထက် မြင့်မားနေပါသဖြင့် ကန့်သတ်ချက်အား ပယ်ဖျက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးပါထန်း၊ မတူပီ မဲဆန္ဒနယ်၏ **မတူပီမြို့၊ အရှေ့ခိုဘွေ အ.လ.က(ခွဲ) ကျောင်းအား အ.လ.ကကျောင်းအဆင့် တိုးမြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးအာမိုးဆီ၊ ခေါင်လန်ဖူး မဲဆန္ဒနယ်၏ **ခေါင်လန်ဖူးမြို့နယ်၊ အ.လ.က (ခေါဘူဒဲ)နှင့် အ.လ.က(ဒီးလာဝါဇီ)ကျောင်းများတွင် အရေးတကြီး လိုအပ်သော ကျောင်းဆောင် ၆ ခန်းတွဲ တစ်ထပ်ပျဉ်ကာ ပျဉ်ခင်းသွပ်မိုး အသစ်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးမြင့်ဦး၊ သနပ်ပင် မဲဆန္ဒနယ်၏ **သနပ်ပင်မြို့နယ်၊ အ.ထ.က(ခွဲ) နတ်ရေကန်၊ အောက်ခရမ်း၊ တောင်ဘက်ကမ်းနှင့် ကုက္ကိုတို့ကို အ.ထ.ကများအဖြစ်လည်းကောင်း၊ အ.လ.က မိုးခိုင်ကြီးကို အ.ထ.က(ခွဲ) အဖြစ်လည်းကောင်း၊ အ.လ.က(ခွဲ) ဉဿကျွန်း၊ ဝဲပြန်၊ ဇီးပင်၊ ကျိုက်ပဒိုင်ကြီး၊ ကပင်၊ ကျွဲဖြူချောင်း၊ ကသဲကုန်း၊ ကလိုင်၊ ကသစ်ဝိုင် နှင့် အောက်တကဲကျောင်းများကို အ.လ.ကအဖြစ်လည်းကောင်း၊ အ.မ.က(ခွဲ) ကုလားတဲစုကို အ.မ.ကအဖြစ်လည်းကောင်း၊ ကိုယ့်အားကိုယ်ကိုး ခရာစုရွာဟောင်း တွဲဖက် မူလတန်းကျောင်းနှင့် ကိုယ်အားကိုယ်ကိုး စံပြလေး တွဲဖက်မူလတန်းကျောင်းကို မူလတန်း ကျောင်း(ခွဲ) အဖြစ်လည်းကောင်း အဆင့်တိုးမြှင့်ပေးရန်နှင့် ကျောင်းသား ဦးရေနှင့် ဆရာအချိုးမညီမျှသော ကျောင်းများတွင် လိုအပ်သော ဆရာများ ခန့်ထားပေးရန် အစီအစဉ်ရှိ၊ မရှိ** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးမျိုးညွန့်၊ ဟုမ္မလင်း မဲဆန္ဒနယ်၏ **ဟုမ္မလင်းမြို့နယ်အတွင်းရှိ ၂၀၁၇–၂၀၁၈ တွင် တည်ဆောက်ရန် ဘတ်ဂျက်ကျသည့် ကျောင်းများအား ကျေးရွာကော်မတီ ဆောက်လုပ်ခွင့်တောင်းခံပါက ချထားပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ပြည်သူ့လွှတ်တော်၊ လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ နှစ်ပတ်လည် အစီရင်ခံစာ တင်ပြခြင်း၊

၇။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစီရင်ခံစာ နှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၈။ ပြည်သူ့လွှတ်တော်၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ၏ နှစ်ပတ်လည် အစီရင်ခံစာ တင်ပြခြင်း၊

၉။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ၏ အစီရင်ခံစာ နှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၁၀။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့လာသော **"တာတမံ ဥပဒေကြမ်း"** ကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက် အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေး တင်ပြခြင်း၊

၁၁။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၈)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး
# (၂၇)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၉ ခုနှစ်၊ ဝါဆိုလဆန်း ၁၄ ရက်
## (၂၀၁၇ ခုနှစ်၊ ဇူလိုင် ၇ ရက်)
## (သောကြာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါခင်ဗျား။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၃၅ ဦးရှိသည့်အနက် ၄၀၃ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၂.၆၄ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဦးဦးထွန်းမောင်(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၇ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့ လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အဖွဲ့ဝင် ကျွန်တော် ဦးဦးထွန်းမောင် ၊ ပုဏ္ဏားကျွန်းမဲဆန္ဒနယ်က ကိုယ်စားခွင့်ပန်ကြားသွားမှာဖြစ်ပါ တယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၅ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၄၀၃ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၁၂ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူ များကတော့-

(၁) ဖာပွန်မဲဆန္ဒနယ်မှ ဦးထွန်းမြအောင်(ခ)ဦးစောထွန်းမြအောင် ခွင့် ၁ ရက်၊

(၂) သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးဉာဏ်ဟိန်း ခွင့် ၁ ရက်၊

(၃) စစ်တွေမဲဆန္ဒနယ်မှ ဦးမောင်သိန်းခိုင် ခွင့် ၈ ရက်၊

(၄) ခရမ်းမဲဆန္ဒနယ်မှ ဒေါက်တာအေးမင်း ခွင့် ၁ ရက်၊

(၅) ဆီဆိုင်မဲဆန္ဒနယ်မှ ဦးခွန်သန်းထူး ခွင့် ၁ ရက်၊

(၆) မိုင်းဆတ်မဲဆန္ဒနယ်မှ ဦးစိုင်းခတ္တိယ ခွင့် ၁ ရက်၊

(၇) မြင်းမူမဲဆန္ဒနယ်မှ ဦးစိုးစံသက်ထွန်း ခွင့် ၁ ရက်၊

(၈) ကန့်ဘလူမဲဆန္ဒနယ်မှ ဒေါက်တာလှိုင်မြင့်ဟန် ခွင့် ၁ ရက်၊

(၉) အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာလှမိုး ခွင့် ၁ ရက်၊

(၁၀) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးဒေါ်စန်းသီတာခင် ခွင့် ၁ ရက်၊

(၁၁) မန်တုံမဲဆန္ဒနယ်မှ ဒေါ်နန်းမိုး ခွင့် ၁ ရက်နှင့်

(၁၂) ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးအောင်သိုက် ခွင့် ၁ ရက်တို့ဖြစ်ပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၂၀ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၁၂ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၃၂ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် အထက်ပါ ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၅ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၂၀ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁၂ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၃၂ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြိုယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်ခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ရွေးကောက်ပွဲကန့်ကွက်လွှာတင်သွင်းမှုတွင် အမှုရှုံးနိမ့်သူက အနိုင်ရသူအား စရိတ်ငွေကျပ် ၁၅ သိန်း ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ရမ်းဗြဲမဲဆန္ဒနယ်မှ ဦးကျော်ရွှေ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးကျော်ရွှေ(ရမ်းဗြဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဖွဲ့အစည်းဝင် ပုဂ္ဂိုလ်များ၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်က ရခိုင်ပြည်နယ်၊ ရမ်းဗြဲမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကျော်ရွှေ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မေးမြန်းမယ့်မေးခွန်းကတော့ ရွေးကောက်ပွဲတွင် ရှုံးနိမ့်၍ ကန့်ကွက်လွှာတင်သွင်းရာတွင် အမှုရှုံးနိမ့်သူက အမှုအနိုင်ရသူအား စရိတ် ကျခံပေးချေရမှုအခြေအနေကို သိရှိလိုသဖြင့် မေးမြန်းသော မေးခွန်းဖြစ်ပါတယ်။ လေးစားအပ် ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် လွှတ်လပ်ပြီး တရားမျှတသောရွေးကောက်ပွဲစနစ်ဖြင့် ပြည်သူ့ကိုယ်စားလှယ်များကို ရွေးချယ်တင်မြှောက်ကာ လွှတ်တော်အသီးသီးကို ဖွဲ့စည်းပြီး နိုင်ငံရေးအခင်းအကျင်းပုံစံအသစ်ဖြင့် ဆောင်ရွက်လျက်ရှိနေပြီ ဖြစ်ပါတယ်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀၁၀ ခုနှစ်တွင် ရွေးကောက်ပွဲပြုလုပ်ကျင်းပ ပေးခဲ့ပြီး ပြည်သူလူထုက ၎င်းတို့သဘောဆန္ဒဖြင့် ရွေးချယ်တင်မြှောက်လိုက်သော လွှတ်တော် ကိုယ်စားလှယ်အသီးသီးကို ထုတ်ပြန်ကြေညာပေးခဲ့ပါတယ်။ သို့ရာတွင် ရွေးကောက်ပွဲကော်မရှင် ဥပဒေ အရ ကန့်ကွက်လွှာတင်သွင်းလိုက ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်း ဥပဒေထုတ်ပြန်ထားရာ ကန့်ကွက်လွှာအမှုများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ခုံရုံးများဖွဲ့ပြီး ကြားနာစစ်ဆေးကာ ဆုံးဖြတ်ပေးခဲ့ရပါတယ်။ ကန့်ကွက်လွှာတင်သွင်းမှုတွင် အမှုရှုံးနိမ့်သူက အနိုင်ရသူအား စရိတ်ငွေ ၁၅ သိန်းကျပ်ပေးချေရန် ဆုံးဖြတ်ပေးခဲ့ပါတယ်။ ကန့်ကွက်လွှာတင်သွင်း၍ ရှုံးနိမ့်သူက မကျေနပ်သဖြင့် ထပ်မံ၍ အယူခံတင်သွင်းသောအခါတွင်လည်း ထပ်မံရှုံးနိမ့်ခဲ့လျှင် နောက်ထပ်စရိတ်ငွေ ၁ သိန်းကျပ် ကို ပေးသွင်းရန် ဆုံးဖြတ်ပေးခဲ့ပါတယ်။ ရွေးကောက်ပွဲသဘောသဘာဝအရ ပြည်သူလူထုက မိမိတို့

ကြိုက်နှစ်သက်သူကို လွတ်လပ်စွာ ရွေးချယ်တင်မြှောက်ကြခြင်းသာဖြစ်ပါတယ်။ ဤသည်ကို ရွေးကောက်ပွဲတွင် ရှုံးနိမ့်သူက ကန့်ကွက်လွှာတင်သွင်းမှုမျိုးပြုလုပ်လာသောအခါ ရွေးကောက်ပွဲတွင် အနိုင်ရထားသူသည် တစ်ဖက်မှတင်သွင်းလာသော ကန့်ကွက်လွှာကို ချေဖျက်နိုင်ရန် အကျိုးဆောင် ရှေ့နေငှားရမ်းရခြင်း၊ ခိုင်မာသောသက်သေများကို တင်သွင်း၍ ချေဖျက်ရခြင်းတို့ကြောင့် အချိန်ကုန်၊ ငွေကုန်၊ လူပန်းပြီး ပြည်သူ့ကိုယ်စားလှယ်လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန် အနှောင့်အယှက် အခက်အခဲများ ကြုံတွေ့ကြရပါတယ်။

၂၀၁၅ ခုနှစ်၊ ရွေးကောက်ပွဲတွင် ကန့်ကွက်လွှာတင်သွင်းရာ၌ အမှုရှုံးနိမ့်သူက အမှုအနိုင်ရသူ အား စရိတ်ငွေနှစ်သိန်းကျပ်သာပေးချေရန် ဆုံးဖြတ်ပေးခဲ့ပါတယ်။ ရွေးကောက်ပွဲတွင် ရှုံးနိမ့်သူက နည်းလမ်းအမျိုးမျိုး၊ သက်သေအမျိုးမျိုးကို တင်ပြ၍ ကန့်ကွက်မှုများကို ကန့်ကွက်လွှာတင်သွင်းခံရ သူသည် အချိန်ကိုးလ၊ ၁၀ လခန့်ကြာအောင် အမှုစစ်ဆေးခံရခြင်းကြောင့် အချိန်ကုန်၊ ငွေကုန်၊ လူပန်း ဖြစ်ရပါတယ်။ ကန့်ကွက်လွှာတင်သွင်းမှုနှင့် အယူခံလွှာတင်သွင်းမှုတို့ကို ရွေးကောက်ပွဲကော်မရှင်က စနစ်တကျကြားနာစစ်ဆေးပြီး စရိတ်များကို ရှုံးနိမ့်သူကသာ ကျခံပေးသွင်းစေပါတယ်။ နိုင်ငံတော် ဘဏ္ဍာမှ ကျခံသုံးစွဲခြင်းမဟုတ်သဖြင့် အမှုအနိုင်ရသူအတွက် အမှန်တကယ်ကုန်ကျသောစရိတ်ကို မကာမိနိုင်သော်လည်း ကုန်ကျစရိတ်နှင့်နီးစပ်နိုင်ရေးအတွက် ၂၀၁၀ ခုနှစ်၊ ရွေးကောက်ပွဲကကဲ့သို့ စရိတ်ကို ကျခံပေးစေသင့်တယ်လို့ ထင်မြင်ယူဆပါတယ်။ သို့ဖြစ်ပါ၍ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သို့ အောက်ပါမေးခွန်းများကို မေးမြန်းလိုပါတယ်။ (၁) ရွေးကောက်ပွဲကန့်ကွက်လွှာ တင်သွင်းမှုတွင် အမှုရှုံးနိမ့်သူက အနိုင်ရသူအား စရိတ်ငွေကို ယခင်ကာလများကကဲ့သို့ ၁၅ သိန်းကျပ် ပေးချေနိုင်ရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်မရှိပါက အဘယ်ကြောင့်မရှိသည်ကို သိရှိလိုပါတယ်။ (၂) အယူခံလွှာတင်သွင်းမှုတွင် အမှုရှုံးနိမ့်သူက အနိုင်ရသူအား စရိတ်ငွေကို ယခုကဲ့သို့ တစ်သိန်းကျပ် မဟုတ်ဘဲ တိုးမြှင့်နိုင်ရန် အစီအစဉ်ရှိ/မရှိကို သိရှိလိုပါသဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးထွန်းခင်(အဖွဲ့ဝင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြပါသော ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်ကြီးများ၊

လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများနှင့် ဧည့်သည်တော်များကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးထွန်းခင် ဖြစ်ပါတယ်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ တာဝန်ပေးချက်အရ ရခိုင်ပြည်နယ်၊ ရမ်းဗြဲ မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ရွှေ၏ ကြယ်ပွင့်ပြမေးခွန်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဖြေကြားအပ်ပါတယ်။ ရခိုင်ပြည်နယ်၊ ရမ်းဗြဲမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကျော်ရွှေ၏ မေးခွန်းများမှာ မေးခွန်း(၁) ရွေးကောက်ပွဲကန့်ကွက်လွှာတင်သွင်းမှုတွင် အမှုရှုံးနိမ့်သူက အနိုင်ရသူ အား စရိတ်ငွေကို ယခင်ကာလများကကဲ့သို့ ၁၅ သိန်းကျပ် ပေးချေနိုင်ရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်မရှိပါက အဘယ်ကြောင့်မရှိသည်ကို သိလိုခြင်း၊ မေးခွန်း(၂)အနေနဲ့က အယူခံတင်သွင်းမှုတွင် အမှုရှုံးနိမ့်သူက အနိုင်ရသူအား စရိတ်ငွေကို ယခုကဲ့သို့ တစ်သိန်းကျပ် မဟုတ်ဘဲ တိုးမြှင့်နိုင်ရန်အစီအစဉ်ရှိ/မရှိ သိလိုခြင်းဟူ၍ ဖြစ်ပါတယ်။ မေးခွန်း(၁)နှင့် မေးခွန်း(၂)တို့ အား တစ်ပေါင်းတည်းဖြေဆိုသွားမှာ ဖြစ်ပါတယ်။ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၆၇၊ ၆၈ နှင့် နည်းဥပဒေ ၈၇၊ ၈၈၊ ၉၀ တို့နှင့်အညီ ရွေးကောက်ပွဲကန့်ကွက်လွှာများ တင်သွင်းလာသည့် အခါ တရားမဲ့ပြုကျင့်မှု ပေါ်ပေါက်ခြင်းရှိ/မရှိ ဆုံးဖြတ်နိုင်ရန် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၆၉ နှင့်အညီ ရွေးကောက်ပွဲခုံအဖွဲ့များ ဖွဲ့စည်းစစ်ဆေးရပါတယ်။ ယင်းဖွဲ့စည်းသည့် ရွေးကောက်ပွဲခုံအဖွဲ့များအနေဖြင့် ရွေးကောက်ပွဲကန့်ကွက်လွှာအမှုများကို စစ်ဆေးရာတွင် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၇၇ နှင့် ရွေးကောက်ပွဲနည်းဥပဒေ ၉၄ အရ တရားမမှုများကို စစ်ဆေးရာတွင် လိုက်နာရသည့် ကျင့်ထုံးနှင့်အညီ ကန့်ကွက်လွှာကို စစ်ဆေးပါတယ်။ ထို့အတူ ရွေးကောက်ပွဲခုံအဖွဲ့၏ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိသဖြင့် သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၇၄ ပုဒ်မခွဲ(က)နှင့် ရွေးကောက်ပွဲနည်းဥပဒေ ၉၉ အရ တင်သွင်းသူ အယူခံမှုကို ကော်မရှင်ဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင် အားလုံးပါဝင်သည့် စုံညီခုံရုံးက သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၁၀၁ ပါ တရားမကျင့်ထုံးဥပဒေအရ အယူခံမှုများကို ကြားနာ စစ်ဆေးရာတွင် လိုက်နာရသည့်ကျင့်ထုံးနှင့်အညီ ကြားနာစစ်ဆေးရမည်ဟု ပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်ပါတယ်။

တရားမကျင့်ထုံးဥပဒေပုဒ်မ ၃၅ တွင် တရားစရိတ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ပြဋ္ဌာန်းထားပါတယ် -

ပုဒ်မ ၃၅ ။ (၁) သတ်မှတ်ထားသော စည်းကမ်းချက်များ၊ ကန့်သတ်ချက်များနှင့်လည်းကောင်း တည်ဆဲဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း မဆန့်ကျင်စေဘဲ တရားမမှုများနှင့်ပတ်သက်သည့် တရားစရိတ်များမှာ တရားရုံး၏သဘော အတိုင်း ဖြစ်စေရမည်။ ယင်းတရားစရိတ်များကို မည်သူက သို့မဟုတ် မည်သည့်ပစ္စည်းမှ မည်မျှထိပေးရမည်ကို ဆုံးဖြတ်ရန်နှင့် အထက်တွင် ဆိုခဲ့သည့်ကိစ္စများအတွက် လိုအပ်သည်များကို ညွှန်ကြားရန် တရားရုံးတွင် အာဏာအပြည့်အဝရှိစေရမည်။ တရားရုံးက ယင်းအမှုကို စစ်ဆေးစီရင်ပိုင်ခွင့် အာဏာမရှိခြင်းကြောင့် အဆိုပါအာဏာများ ကျင့်သုံးခြင်းကို ပိတ်ပင်ခြင်း မဖြစ်စေရဟု ပြဋ္ဌာန်းထားပါသည်။

သက်ဆိုင်ရာရွေးကောက်ပွဲဥပဒေ ပုဒ်မ ၇၇ တွင် ရွေးကောက်ပွဲခုံအဖွဲ့သည် အမှုစစ်ဆေးခြင်း ကိစ္စနှင့်စပ်လျဉ်း၍ တရားမကျင့်ထုံးဥပဒေအရ တရားရုံးသို့ အပ်နှင်းထားသောအာဏာများကို ကျင့်သုံးဆောင်ရွက်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားသည့်အတွက် ရွေးကောက်ပွဲခုံအဖွဲ့များအနေဖြင့် တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၃၅ (၁)နှင့်အညီ ဆင်ခြင်တုံတရားအရ တရားစရိတ်များကို ချမှတ်ခဲ့ခြင်း ဖြစ်ပါတယ်။ ၂၀၁၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲကန့်ကွက်လွှာအမှုများတွင် တရားစရိတ်ငွေနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း အမျိုးမျိုးဆုံးဖြတ်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါတယ်။ (က) ရွေးကောက်ပွဲကန့်ကွက်လွှာပြင်ဆင်မှုအမှတ်(၉)မှ လျှောက်ထားသူ ဦးကျော်ထွန်းအောင် နှင့် လျှောက်ထားခံသူ ဦးဦးလှစော အမှုတွင် အမှုစရိတ်ငွေကျပ် ၁၅ သိန်းကိုလည်းကောင်း၊ (ခ) ရွေးကောက်ပွဲကန့်ကွက်လွှာအမှုအမှတ် (၇)၊ (၈)၊ (၉)မှ လျှောက်ထားသူ ဦးသူရမျိုးခင်ပါ(၃)နှင့် လျှောက်ထားခံရသူ ဦးဉာဏ်ဆွေဝင်းပါ(၃) အမှုများတွင် တရားစရိတ်ငွေကျပ် ၁၀ သိန်းကိုလည်း ကောင်း၊ (ဂ) ရွေးကောက်ပွဲကန့်ကွက်လွှာအမှုအမှတ် (၂၉)မှ လျှောက်ထားသူဒေါ်ဝိုင်းနှင့် လျှောက်ထားခံရသူ ဦးမျိုးအောင် အမှုတွင် တရားစရိတ်ငွေကျပ်ငါးသိန်းကိုလည်းကောင်း၊ (ဃ) ရွေးကောက်ပွဲကန့်ကွက်လွှာပြင်ဆင်မှုအမှတ်(၁)မှ လျှောက်ထားသူ ဦးမြတ်သူ(ခ) ဦးကျော်ဇင်ညွန့်နှင့် လျှောက်ထားခံရသူ ဒေါက်တာမြတ်ဉာဏစိုးအမှုတွင် အမှုစရိတ်ငွေကျပ် တစ်သိန်းကိုလည်းကောင်း၊ (င) ရွေးကောက်ပွဲကန့်ကွက်လွှာပြင်ဆင်မှုအမှတ် (၁၄)မှ လျှောက်ထားသူ ဒေါ်ခင်နွဲ့နှင့် လျှောက်ထား ခံရသူ ဦးမျိုးမြင့်အမှုတွင် တရားစရိတ်ငွေ ဖော်ပြသတ်မှတ်ခြင်းမရှိကြောင်းကိုလည်းကောင်း၊ (စ) ရွေးကောက်ပွဲကန့်ကွက်လွှာအမှုအမှတ် (၃/၂၀၁၂)မှ လျှောက်ထားသူ ဒေါက်တာအောင်မြတ်သူနှင့်

လျှောက်ထားခံရသူ ဦးဖြိုးမင်းသိန်းအမှုတွင် တရားစရိတ်ငွေ ခွင့်ပြုခြင်းမရှိကြောင်းကိုလည်းကောင်း လေ့လာတွေ့ရှိ ရပါတယ်။

ထို့အပြင်လည်း ပါလီမန်ခေတ်က ၁၉၅၆ ခုနှစ်၊ ပါလီမန်ရွေးကောက်ပွဲ ကန့်ကွက်လွှာအမှု အမှတ် (၃၂) ဦးစောထွေးအောင် နှင့် ဦးလုံးဖြူပါ(၂) အမှုတွင် ဦးမောင်သောင်းစိန် သဘာပတိအဖြစ် ဆောင်ရွက်သော ခုံအဖွဲ့က လျှောက်ထားသူနှင့် လျှောက်ထားခံရသူများသည် မိမိတို့စရိတ်ကို မိမိတို့ အသီးသီးကျခံစေပါကြောင်း ဟူ၍ ဆုံးဖြတ်ထားပါတယ်။ တရားစရိတ်ငွေများနှင့်စပ်လျဉ်း၍ ချမှတ်ရာ တွင် အထက်ဖော်ပြပါအမှုများ၌ ပုံသေကားချပ်သတ်မှတ်ခဲ့ခြင်းမရှိဘဲ ခုံအဖွဲ့များ၏ ဆင်ခြင်တုံတရား အရ အမျိုးမျိုးချမှတ်ခဲ့ကြောင်း ထင်ရှားစွာ တွေ့မြင်ရပါတယ်။ ရွေးကောက်ပွဲကန့်ကွက်လွှာအမှုများ သည် အရပ်ဘက်တရားမမှုများနှင့် အမှုသဘောသဘာဝအရ တူညီမှုမရှိပါ။ တရားစရိတ်ငွေနှင့် စပ်လျဉ်း၍ ပုံသေသတ်မှတ်ပြဋ္ဌာန်းချက်မရှိပါကြောင်း လေ့လာတွေ့ရှိရပါတယ်။ လက်ရှိပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ခုံအဖွဲ့များအနေဖြင့် တရားစရိတ်ငွေများချမှတ်ခဲ့ခြင်းမှာ ဥပဒေပြဋ္ဌာန်းချက် ဘောင်အတွင်းမှ အသင့်မြတ်ဆုံးအမိန့်ကို ဆင်ခြင်တုံတရားဖြင့် ရွေးချယ်ချမှတ်ခဲ့ခြင်းဖြစ်ပါတယ်။

လက်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ခုံအဖွဲ့များက ဝေးလံခေါင်းပါးသောဒေသများ ဖြစ်သည့် ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ်တွင်ဖြစ်ပွားခဲ့သော ရွေးကောက်ပွဲကန့်ကွက် လွှာအမှုများနှင့်စပ်လျဉ်း၍ တရားစရိတ်ငွေကျပ်နှစ်သိန်းအထိ ချမှတ်ပေးခဲ့သည်များလည်းရှိပြီး တရားစရိတ်ငွေကျပ် တစ်သိန်းမှာ ပုံသေမဟုတ်ပါကြောင်း ပေါ်လွင်ပါတယ်။ သို့ဖြစ်ပါ၍ ကန့်ကွက် လွှာအမှုများတွင် ရှုံးနိမ့်သူက အနိုင်ရသူအား တရားစရိတ်ငွေကို ယခင်ကာလများကကဲ့သို့ ၁၅ သိန်းကျပ် ပေးချေနိုင်ရန် အစီအစဉ်မရှိပါကြောင်းနှင့် နောင်တွင် လျှောက်ထားလာသည့် ရွေးကောက်ပွဲကန့်ကွက်လွှာအမှုများ၌ လျှောက်ထားသူနှင့် လျှောက်ထားခံရသူတို့၏ အမှန်ကုန်ကျ မည့်စရိတ်တို့အပေါ် ဆင်ခြင်သုံးသပ်ပြီး တရားစရိတ်များအား ငွေကျပ်တစ်သိန်းထက်ပို၍ တိုးမြှင့်ချမှတ်ပေးရန် အစီအစဉ်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းဖြေကြားပေးတဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**ဆေးတက္ကသိုလ်ဝင်ခွင့် သတ်မှတ်ရာတွင် ကျောင်းသူများ၏ ဝင်ခွင့်အမှတ်မှာ ကျောင်းသားများထက် မြင့်မားနေပါသဖြင့် ကန့်သတ်ချက်အား ပယ်ဖျက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ မင်္ဂလာဒုံမဲဆန္ဒနယ်မှ ဦးအောင်လှိုင်ဝင်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်လှိုင်ဝင်း(မင်္ဂလာဒုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များခင်ဗျား။ ကျွန်တော်ကတော့ မင်္ဂလာဒုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်လှိုင်ဝင်း ဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့ ဆေးတက္ကသိုလ်ဝင်ခွင့်မှာ အမျိုးသမီးတွေရဲ့အမှတ်ကို ပိုပြီးတော့မြင့်ထားတဲ့အတွက် ဆေးတက္ကသိုလ်တက်ချင်တဲ့ တက္ကသိုလ်ဝင်တန်းအောင် အမျိုးသမီးတွေနစ်နာနေရတဲ့ ကိစ္စနှင့်ပတ်သက်ပြီးတော့ မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံမှာ တက္ကသိုလ်ဝင်တန်းအောင်ပြီးတဲ့အခါကျလို့ရှိရင် ဆေးတက္ကသိုလ်ဝင်ခွင့်ကို ဟိုအရင်တုန်းကတော့ မကန့်သတ်ပါဘူး။ နောက်ပိုင်းမှာ ယောကျ်ားလေးက ၆ဝ ရာခိုင်နှုန်း၊ မိန်းကလေးက ၄ဝ ရာခိုင်နှုန်း။ နောက်ပိုင်းနှစ်တွေမှာကျတော့ မိန်းကလေးက ၅ဝ ရာခိုင်နှုန်း၊ ယောကျ်ားလေးက ၅ဝ ရာခိုင်နှုန်း၊ ယောကျ်ားလေးတစ်ဝက် မိန်းကလေးတစ်ဝက်ဆိုပြီးတော့ ကန့်သတ်လာတာတွေ ရှိပါတယ်။ အဲဒီအခါကျတော့ သာမန်အားဖြင့် ကြည့်လိုက်လို့ရှိရင်တော့ ဒီဟာက ယောကျ်ားလေးတစ်ဝက် မိန်းကလေးတစ်ဝက်ဆိုတော့ မျှမျှတတ ဖြစ်တယ်လို့ ယူဆစရာအကြောင်းရှိပါတယ်။ သို့သော် ဘာကြောင့် ကန့်သတ်ရသလဲဆိုတဲ့အကြောင်း အရင်းကို ကြည့်လိုက်တဲ့အခါကျတော့ တက္ကသိုလ်ဝင်တန်း ဒီအစိုးရတစ်ခုတည်းက စစ်တဲ့စာမေးပွဲ တစ်စုံတည်းကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်းမှာ အတူတူဖြေခဲ့ရတဲ့ မြန်မာနိုင်ငံသား ကျောင်းသား ကျောင်းသူများအားလုံးဟာ ဒီဝင်ခွင့်အောင်ပြီးတော့ အမှတ်စာရင်းထွက်လာတဲ့အခါကျတော့မှ မိန်းကလေးတွေက အမြဲတမ်းအမှတ်သာနေတဲ့အခါကျတော့ ယောကျ်ားလေးတွေ ဆေးတက္ကသိုလ်ဝင်ခွင့်ရအောင်ဆိုပြီးတော့ တစ်ဝက်၊ တစ်ဝက်စီကန့်သတ်လိုက်ပါတယ်။ အဲဒီတော့ ဆေးတက္ကသိုလ်ဝင်ခွင့်ကို ပြန်ပြီးတော့လေ့လာကြည့်လိုက်လို့ရှိရင် အမြဲတမ်းမိန်းကလေးက အမှတ် ၂ဝ လောက် မြင့်နေပါတယ်။ အဲဒီတော့ ဒီတက္ကသိုလ်ဝင်တန်းဆိုတာ အမှတ်မြင့်သွားတဲ့အခါမှာ ၁ မှတ်၊ ၂ မှတ်ရဖို့ တောင်မလွယ်တဲ့နေရာမှာ အမှတ် ၂ဝ လောက် ယောကျ်ားလေးက နိမ့်ထားတယ်။ မိန်းကလေးက အမှတ် ၂ဝ လောက်မြင့်ထားတဲ့အတွက်ကြောင့် ဆေးပညာကိုအမှန်တကယ်သင်ယူလိုတဲ့ အမျိုးသမီးတွေ အများကြီးထိခိုက်နစ်နာပါတယ်။ ဘာကြောင့်လဲဆိုတဲ့ အကြောင်းပြချက်ကလည်း သေသေချာချာမရှိပါဘူး။ တစ်ချို့ကလည်းပြောပါတယ်။ နယ်ဝေးကိုတာဝန်မထမ်းဆောင်နိုင်လို့ ယောကျ်ားဆရာဝန်တွေကို ခေါ်တယ်လို့ပြောပါတယ်။ သို့သော် ဆရာဝန်တောင်မရောက်နိုင်တဲ့ လုံခြုံရေးအရ မပေးနိုင်တဲ့ ဘူးသီးတောင်၊ မောင်တောလိုဒေသမျိုးတွေမှာ တာဝန်ထမ်းဆောင်နေတဲ့ ကျောင်းဆရာမ

တွေတောင်ရှိရဲ့သားနဲ့။ ဒီအကြောင်းပြချက်က ခိုင်လုံတဲ့အကြောင်းပြချက်မဟုတ်ပါဘူး။ ဒါကဘာလဲဆို တော့ ဉာဏ်ပညာနဲ့ပြိုင်တဲ့ပြိုင်ပွဲတစ်ခုမှာ မနိုင်တဲ့အခါကျတော့ ဒိုင်ကိုသွားပြောပြီးတော့ တစ်ဖက် သက်အနိုင်ယူသွားတဲ့ပွဲမျိုးဖြစ်ပါတယ်။ ကိုယ့်မြန်မာနိုင်ငံသားအချင်းချင်းကို ဒီလိုလုပ်တာက ဘယ်လို မှမျှတတဲ့ အကြောင်းအရာမဟုတ်ပါဘူး။ စောစောကပြောခဲ့သလို ဒီဆေးပညာဒီဟာကို မကန့်သတ်ခင် မှာလည်း ဆေးပညာသမိုင်းမှာအောင်မြင်တဲ့ သမားတော်ဆရာဝန်အမျိုးသမီးတွေအများကြီး ရှိပါ တယ်။ အဲဒီတော့ အခု ဘာကြောင့်ဆေးတက္ကသိုလ်ကိုပဲ ရွေးပြီးတော့မေးရသလဲဆိုတော့ ကျန်တဲ့ တက္ကသိုလ်တွေလဲ အဲ့လိုပါပဲ။ သွားတက္ကသိုလ်၊ ကျန်တဲ့တက္ကသိုလ်တွေမှာလည်း အမျိုးသမီးတွေရဲ့ အမှတ်တွေကိုမြင့်ပြီးတော့ ခေါ်တဲ့ဟာတွေအများကြီးရှိပါတယ်။ ဘာကြောင့်လဲဆိုတော့ ခွဲခြားလိုက်တဲ့ အခါကျတော့ အမြဲတမ်းအမှတ်မြင့်တယ်။ ဒါကျွန်တော်တို့ တက္ကသိုလ်ဆိုတာက ဉာဏ်ပညာနဲ့လုပ်ရတဲ့ နေရာပါ။ ဝန်ထုပ်ဝန်ပိုးထမ်းရတဲ့နေရာမဟုတ်ပါဘူး။ အမျိုးသားနှင့်အမျိုးသမီးခွဲခြားစရာ အကြောင်း လည်းဘာမှ မရှိပါဘူး။ ဒီလိုနေရာမျိုးမှာ ခွဲခြားလိုက်တဲ့အခါကျတော့ ကျွန်တော်တို့ ဒီနိုင်ငံသား အချင်းချင်းမှာ အမျိုးသမီးတွေရဲ့ အခွင့်အရေးလို့ပြောနေတဲ့ ဒီဟာတွေ အခုခေတ်မှာလည်း ကျယ်ကျယ်လောင်လောင်ပြောနေတယ်။ အစည်းအဝေးတွေ၊ Seminar တွေလုပ်ပြီးတော့ ပြောနေ တယ်။ ဒီလိုဟာမျိုးတွေလုပ်နေရဲ့သားနဲ့ ဒီအစိုးရရဲ့မူဝါဒကိုယ်တိုင်ကိုက ဒီလိုခွဲခြားနေမယ်ဆိုလို့ရှိရင် ဒါကျွန်တော်တို့ နိုင်ငံသူ နိုင်ငံသားတွေ အများကြီးနစ်နာပါတယ်။ အဲဒီတော့နိုင်ငံထူထောင်တဲ့နေရာ မှာ ဒီအမျိုးသမီးတွေက တော်တော့်ကိုအရေးကြီးပါတယ်။ အမျိုးသမီးတွေရဲ့ အစွမ်းအစကို အသုံးမချ ဘဲနဲ့ ကျွန်တော်တို့ ဒီနိုင်ငံကြီးကို ပြန်လည်ထူထောင်လို့မရပါဘူး။ အဲဒီချန်ခဲ့တဲ့အမျိုးသမီးတွေ အားလုံးကလည်း အင်မတန်မှတော်တဲ့ အရည်အချင်းရှိတဲ့ အမျိုးသမီးတွေပါ။ ကျောင်းသူတွေ ပညာ အရမ်းတော်တယ်။ သို့သော် တစ်မှတ်၊ နှစ်မှတ်နဲ့ ကပ်ပြီးတော့ ဆေးတက္ကသိုလ်လွဲခဲ့တယ်။ သို့သော် ကျွန်တော်က ဒီဟာကို ဆေးတက္ကသိုလ်တစ်ခုတည်းကို ရည်ရွယ်ပြီးတော့ မေးနေတာမဟုတ်ပါဘူး။ မူဝါဒကို ကျွန်တော်ပြောနေတာပါ။ လွှတ်တော်ဥက္ကဋ္ဌကြီးကလည်း ပြောပါတယ်။ တိတိကျကျတစ်ခု ပြောဆိုလို့ ဒီမှာဆေးတက္ကသိုလ်ဝင်ခွင့်တစ်ခုကို ထောက်ပြတာပါ။ ဆေးတက္ကသိုလ်ဝင်ခွင့်သည် အမှတ် က ဒီလိုခွဲထားတယ်။ သိသိသာသာကြီးကို ခွဲထားတယ်။ ကျွန်တော်တို့ ဒီအစိုးရသစ်ပြောင်းပြီးတော့ ပထမဆုံးအကြိမ်ခေါ်တဲ့ ဆေးတက္ကသိုလ်ဝင်ခွင့်မှာလည်း အဲဒီအမှတ်ခွဲခြားတဲ့စနစ်ပဲ ကျင့်သုံးနေပါ တယ်။ အဲ့ဒါကြောင့်မို့လို့ ကျွန်တော်တို့နိုင်ငံမှာရှိတဲ့ ကြိုးစားရင်ကြိုးစားသလောက်ရတဲ့ စနစ်မဟုတ် ဘဲနဲ့ ကြားကနေပြီးတော့ အချောင်တက်သွားတဲ့စနစ်မျိုးတွေကိုလည်း တိုက်ဖျက်ရမယ့်အချိန်ရောက်

ပါပြီ။ အဲ့ဒါကြောင့်မို့လို့ အမှားတွေကကြောလာလို့ရှိရင် အမှန်လို့ထင်သွားတက်တာဖြစ်တဲ့အတွက် ကြောင့်မို့လို့ အခုလို မမျှမတအမျိုးသမီးတွေကို တစ်ဖက်သက် နှိမ်ထားတဲ့ ပညာရေးစနစ်ကြီးတွေထဲက ဆေးတက္ကသိုလ်ဝင်ခွင့်နဲ့ ပတ်သက်ပြီးတော့ ပြုပြင်ပြောင်းလဲရန် အစီအစဉ်ရှိ/မရှိ သိရှိလိုကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်တော် ဦးဝင်းမော်ထွန်းက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး (၂၇)ရက်မြောက်နေ့မှာ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်လှိုင်ဝင်း၏ မေးခွန်းဖြစ်သော ဆေးတက္ကသိုလ်ဝင်ခွင့် သတ်မှတ်ရာတွင် ကျောင်းသူများ၏ ဝင်ခွင့်အမှတ်မှာ ကျောင်းသားများထက် မြင့်မားနေပါသဖြင့် ကန့်သတ်ချက်အား ပယ်ဖျက်ပေးရန် အစီအစဉ်ရှိ/မရှိဆိုတဲ့ စပ်လျဉ်းတဲ့မေးခွန်းကို ရှင်းလင်းတင်ပြမှာဖြစ်ပါတယ်။

ကျွန်တော်တို့ တက္ကသိုလ်ဝင်ခွင့်ရွေးချယ်ရာမှာ ဆေးတက္ကသိုလ်ဝင်ခွင့်သတ်မှတ်ခြင်းအတွက် ကျောင်းသူများရဲ့အမှတ်သည် ကျောင်းသားများထက် ပိုပြီးမြင့်မားအောင် ကန့်သတ်ထားခြင်းမရှိပါကြောင်း ရှေးဦးစွာတင်ပြအပ်ပါတယ်။ ဒီအခြေခံပညာအဆင့် တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးနောက် ဆေးတက္ကသိုလ်သို့ ဝင်ခွင့်သတ်မှတ်ရာတွင် ကျောင်းသားအချိုးနှင့်ကျောင်းသူအချိုးကို ၅၀ း ၅၀ သတ်မှတ်ထားခြင်းသာဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ သတ်မှတ်ထားခြင်းရဲ့အကြောင်းအရင်းကို ကျွန်တော်တို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတို့နှင့် ပေါင်းစပ်ဖြေကြားချက်အရ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနလက်အောက်မှာရှိတဲ့ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနလက်အောက်ရှိ ဆေးတက္ကသိုလ်များသို့ တက်ရောက်ပညာသင်ကြားခွင့်ပြုခြင်းနှင့်စပ်လျဉ်း ၍ ၁၉၆၄ ခုနှစ်မှစပြီး အခြေခံပညာအထက်တန်းစာမေးပွဲ၌ သိပ္ပံဘာသာတွဲဖြင့်အောင်မြင်သူများကို ရမှတ်အလိုက်အခြေခံကာ ဆေးတက္ကသိုလ်များသို့ ပညာသင်ကြားခွင့်ပြုခဲ့ပါကြောင်း ရှေးဦးစွာတင်ပြအပ်

ပါတယ်။ ကျွန်တော်တို့ ၁၉၉၉ ခုနှစ်အထိ ကျား၊ မ အချိုးခွဲခြားသတ်မှတ်မှုမရှိဘဲ တက္ကသိုလ်ဝင်စာမေးပွဲစုစုပေါင်းရမှတ်အပေါ် မူတည်ပြီး ဆေးတက္ကသိုလ်များသို့ ဝင်ရောက်ပညာသင်ကြားခွင့်ပြုခဲ့ပါတယ်။ ထိုသို့ ကျား၊ မအချိုး သတ်မှတ်ချက်မရှိဘဲ အမှတ်အရသာ ဝင်ခွင့်ပြုခဲ့ခြင်းကြောင့် ဝင်ခွင့်ရသူများတွင်အမျိုးသမီးဦးရေ ပိုမိုများပြားပြီး နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်သူများသည်လည်း အမျိုးသမီးဆရာဝန်ဦးရေသည် ပိုမိုများပြားပါကြောင်း တင်ပြအပ်ပါတယ်။ တစ်ဆက်တည်းမှာပဲ အမျိုးသားဆရာဝန်ဦးရေနည်းပါးလာခြင်းကြောင့် နိုင်ငံ့ဝန်ထမ်းအဖြစ်တာဝန်ထမ်းဆောင်ရန် နေရာချထားရာ၌ အထူးသဖြင့် ဝေးလံခက်ခဲတဲ့၊ သွားရေးလာရေးခက်ခဲတဲ့ ဒေသများကို တာဝန်ချထားရန် အခက်အခဲများစွာရှိခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။ သို့အတွက်ကြောင့် ဆေးတက္ကသိုလ်များသို့ ၁၉၉၉ အထိ ကျား၊ မ အချိုး ခွဲခြားမှုမရှိဘဲ ပညာသင်ကြားခွင့်ပြုခဲ့ရာမှ ၂၀၀၀ ပြည့်နှစ်မှစတင်ပြီး ကျား ၆၀ ရာခိုင်နှုန်း၊ မ ၄၀ ရာခိုင်နှုန်းအချိုးဖြင့် ပြန်လည်ပြင်ဆင်သတ်မှတ်ခဲ့ပါတယ်။ စုစုပေါင်း ကျောင်းသားကျောင်းသူ ၄၄၀၀ ဦးခန့် ပညာသင်ကြားခွင့် ပြုခဲ့ကြောင်း တင်ပြအပ်ပါတယ်။ ထိုသို့အမျိုးသား ၆၀ ရာခိုင်နှုန်း၊ အမျိုးသမီး ၄၀ ရာခိုင်နှုန်း ခွဲတမ်းကိုသာသတ်မှတ်၍ ဆေးတက္ကသိုလ်ဝင်ခွင့်ပြုရခြင်းကြောင့် မိန်းကလေးများ၏ ဆေးတက္ကသိုလ်ဝင်ခွင့် အနိမ့်ဆုံးရမှတ်သည် ယောကျ်ားလေးများ၏ ဆေးတက္ကသိုလ်ဝင်ခွင့် အနိမ့်ဆုံးရမှတ် ကွာဟချက်သည် အမှတ် ၃၀ လောက်ထိ ကွာဟမှုများရှိခဲ့ပါတယ်။ ဒီအတွက် ၂၀၁၁ ခုနှစ် ဇူလိုင်လတွင် ကျန်းမာရေးဝန်ကြီးဌာနမှ ဦးစီးကျင်းပခဲ့သော နဝမအကြိမ် ဆေးပညာသင်ကြားရေး နှီးနှောဖလှယ်ပွဲမှာ ဆေးတက္ကသိုလ်များအားလုံးက မိမိတို့ လက်ခံသင်ကြားနေသော ကျောင်းသားကျောင်းသူဦးရေကို ပြန်လည်သုံးသပ်ပြီး ဆေးတက္ကသိုလ်များ သို့ ဝင်ခွင့်ပြုလက်ခံရမည့် ကျောင်းသားကျောင်းသူဦးရေကို ကျား ၅၀ ရာခိုင်နှုန်း၊ မ ၅၀ ရာခိုင်နှုန်း အချိုးတူညီစွာဖြင့် လက်ခံသင့်ကြောင်း ဆုံးဖြတ်ခဲ့ကြပါတယ်။ ကျန်းမာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးအမှတ်စဉ် ၁၄/၂၀၁၁ မှ တင်ပြအတည်ပြုဆောင်ရွက်ခဲ့ကြောင်း သိရှိရပါတယ်။ သို့အတွက်ကြောင့် ၂၀၁၂ ခုနှစ်မှ ယခု အချိန်အထိ ဆေးတက္ကသိုလ်များသို့ ကျား ၅၀ ရာခိုင်နှုန်း၊ မ ၅၀ ရာခိုင်နှုန်း အချိုးတူညီစွာဖြင့် ဝင်ခွင့်ပြုခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနလက်အောက်ရှိ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ဆေးတက္ကသိုလ်များ၊ ဆေးပညာနှီးနွှယ်တက္ကသိုလ်များ၏ သင်ကြားရေးဌာနများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများနှင့် လက်ရှိမှာ ၂၀ ရာခိုင်နှုန်းသားအမျိုးသားများဖြစ်ပြီး ၈၀ ရာခိုင်နှုန်းမှာ အမျိုးသမီးများဖြစ်သည်ကို တွေ့ရှိရပါတယ်။ ဝန်ကြီးဌာနလက်အောက်ရှိ

ဌာနအသီးသီးမှာ နိုင်ငံ့ဝန်ထမ်းအဖြစ် လုပ်ငန်းခွင်ဝင်ရောက်နေသူအများစုမှာလည်း အမျိုးသမီးများ ဖြစ်သည်ကို တွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ ဝေးလံခေါင်ဖျားဒေသများနှင့် သွားလာရေးခက်ခဲသော ဒေသများသို့ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ရန် တာဝန်ချထားရာ၌ အဆင်ပြေချောမွေ့ စေရေးနှင့် အမျိုးသားဝန်ထမ်း ပိုမိုးတိုးတက်ရရှိရေးအတွက် ဆေးတက္ကသိုလ်သို့ ဝင်ခွင့်ရွေးချယ်ရာမှာ ကျား နှင့် မ အချိုးကို တန်းတူထိန်းညှိထားနိုင်မှသာ နောင်တွင်နိုင်ငံသားဝန်ထမ်းအဖြစ် တာဝန်ထမ်း ဆောင်နိုင်မှု အမျိုးသား၊ အမျိုးသမီး အချိုးမျှတမှုရှိမည်ဖြစ်ပြီး ဝေးလံခေါင်ဖျားဒေသများသို့ တာဝန် ပေးစေလွှတ်ရာတွင် အဆင်ပြေနေမည်ဖြစ်ပါကြောင်းနှင့် ဆေးပညာဘာသာရပ်သည် အသက်မွေး ဝမ်းကျောင်းပညာရပ်တစ်ရပ်ဖြစ်ပါသဖြင့် ကျောင်းသူကျောင်းသားများ၏ အရည်အသွေး၊ အရည် အချင်းနှင့် ကြိုးစားအားထုတ်မှုပေါ်မူတည်၍ ရွေးချယ်တက်ရောက်ခွင့်ပြုခြင်းဖြစ်သည့်အတွက် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးနောက် ဆေးတက္ကသိုလ်ဝင်ခွင့် သတ်မှတ်ရာတွင် ကျား၊ မ အချိုး ၅၀ ရာခိုင်နှုန်း အချိုးတူစွာ သတ်မှတ်ထားချက်အား လတ်တလောတွင် ပြင်ဆင်ရန် အစီအစဉ်မရှိသေးပါ ကြောင်းနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် နောင်အခါများတွင် နိုင်ငံတော်၏ ကျန်းမာရေးလိုအပ်ချက်အခြေအနေပေါ်မူတည်ပြီး ယခုကဲ့သို့ ကျား၊ မ အချိုးကန့်သတ်ထားခြင်းကို ပြန်လည်စဉ်းစားမည်ဖြစ်ပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးအောင်လှိုင်ဝင်း(မင်္ဂလာဒုံမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ဆက်တစ်စပ်တည်း မေးခွင့်ပြုပါ။ အခုကျွန်တော်ပြန်ဖြေတာကို နားလည်တာကတော့ ဒါ ကျား၊ မ အချိုးကို ဖျက်စရာမရှိ ဘူး။ ဝေးလံခေါင်ဖျားတဲ့ဒေသအတွက် လုပ်ထားတာလို့ဖြေပါတယ်။ အဲဒီတော့ ကျန်းမာရေးဝန်ကြီး ဌာနကို အပ်နှင်းထားတဲ့ လုပ်ပိုင်ခွင့်အာဏာထဲမှာလည်း ကျား၊ မ ခွဲခြားခွင့်ဆိုတာမပါပါဘူး။ မပါတဲ့ လုပ်ပိုင်ခွင့်ကိုသုံးပြီးတော့ ကျား၊ မ ခွဲခြားနေတာဖြစ်ပါတယ်။ အဲဒီတော့ စောနကလည်းပြောပြီးပြီ။ မြေပြင်မှာတကယ်ဖြစ်နေတဲ့ဟာ အမှတ် ၂၀ ကနေ ၃၀ လောက်ကွာတယ်။ ဆေးတက္ကသိုလ်ဝင်ခွင့် ၂၀၀၀ ပြည့်နှစ်ကနေ ဒီနေ့အထိ ပြန်ကြည့်လိုက်လို့ရှိရင် ယောကျ်ားလေးအမှတ်ကသာတယ်ဆိုတာ တစ်ခါမှမရှိဘူး။ မိန်းကလေးအမှတ်ကပဲ အမြဲတမ်းမြင့်နေတယ်။ အဲဒီတော့ နောက်ဆုံးကျွန်တော် မေးချင်တဲ့ မေးခွန်းကတော့ ဒီလိုအမြင်ကျဉ်းပြီးတော့ ခေတ်နောက်ပြန်ဆွဲပြီးတော့ မတရားဖိနှိပ်တဲ့၊ ရှက်စရာကောင်းတဲ့ တစ်ဖက်သက်အနိုင်ယူနဲ့စနစ်ကြီးကို အခုပြောင်းမှာလား။ ပြောင်းဖို့အစီအစဉ် မရှိဘူးလား၊ ရှိလား။ အဲ့ဒါလေးပဲ ကျွန်တော်သိချင်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ပြန်ဖြေပေးပါ။

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ကျား၊ မ အချိုးဝင်ခွင့်သတ်မှတ်ခြင်းသည် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနရဲ့ လူ့စွမ်းအားအရင်းအမြစ်စီမံကိန်း၊ ကျန်းမာရေးဆောင်ရွက်မှုစီမံကိန်းများအပေါ် မူတည်ပြီး ရေးဆွဲဆောင်ရွက်သတ်မှတ်ခြင်းဖြစ်ကြောင်း သိရှိရပါတယ်။ ယခုကဲ့သို့ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြချက်နှင့်အညီ ကျား၊ မ ခွဲခြားခြင်းမရှိဘဲနဲ့ ဆောင်ရွက်နိုင်ဖို့ဟာ ခုနက စီမံကိန်းများနှင့်အညီ ပြန်လည်စိစစ်နိုင်ရန် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသို့ ပြန်လည်တင်ပြပေးမည်ဖြစ်ပါကြောင်း ရိုသေစွာဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ်တွေ မေးခွန်းမေးတဲ့အခါမှာ လက်ရှိ Update Policy ကို သိဖို့လိုတယ်။ ခုနကဖြေတဲ့ထဲမှာလည်း ပါသွားပြီ။ နောက်တစ်ခုက ကိုယ်စားလှယ်တွေ မေးခွင့်ရှိတယ်။ ဆွေးနွေးခွင့်ရှိတယ်။ မေးတဲ့အခါမှာ၊ ဆွေးနွေးတဲ့အခါမှာ စည်းကမ်းချက်မှာပါတဲ့အတိုင်းပဲ မဖွယ်မရာအသုံးအနှုန်းတွေမပြောဖို့လိုတယ်။ နောက်တစ်ခုက ပြောတဲ့၊ ဆိုတဲ့အခါမှာ မသင့်လျော်တဲ့ အပြုအမူတွေ မဖြစ်ဖို့လိုတယ်။ ကျွန်တော်တို့ ကိုယ်စားလှယ်တွေဟာ ကိုယ်စားလှယ်ရဲ့ ဂုဏ်သိက္ခာနှင့်အညီ ပြောဆိုပြုမူနေထိုင်ရမည်ဆိုတာ ပါပြီးသား။ မေးခွန်းတွေ၊ အဆိုတွေဆွေးနွေးတဲ့အခါမှာလည်း ဒီအတိုင်းပဲ စည်းကမ်းမှာပါပြီးသား။ မသင့်လျော်တဲ့အသုံးအနှုန်းမဖြစ်ရဘူး။ မဖွယ်မရာအပြုအမူမဖြစ်ရဘူး။ ဒါလေးတော့ သတိထားပြီးတော့ ပြုပြင်ဖို့တော့လိုတယ်။ ကျွန်တော်တို့ ဆွေးနွေးခွင့်ပေးထားတယ်။ မေးခွင့်လည်းပေးထားတယ်။ ဒီမှာဆွေးနွေးတယ်ဆိုတာ လွှတ်တော်မှာ ဆွေးနွေးတယ်ဆိုတာ လွှတ်တော်ဆိုတဲ့ ဂုဏ်သိက္ခာရှိတယ်။ လွှတ်တော်ဆိုတဲ့ အရှိန်အဝါရှိတယ်။ ကိုယ်စားလှယ်လဲ ဒီအတိုင်းပဲ။ လွှတ်တော်ကိုယ်စားလှယ်ဆိုတာ ရှိတယ်။ အပြင်မှာပြောသလို၊ လက်ဖက်ရည်ဆိုင်မှာပြောသလို၊ အရပ်ထဲပြောသလို အဲဒီလိုအပြုအမူနဲ့ အဲဒီလိုအသုံးအနှုန်းမျိုးတွေကတော့ မပြောသင့်ဘူး။ နောက်ကို ဆင်ခြင်သင့်တယ်။ ဆွေးနွေးတာ အပြုသဘောနဲ့ဆွေးနွေးလို့ရပါတယ်။ ဆွေးနွေးတဲ့အခါမှာ၊ မေးတဲ့အခါမှာ အပြုသဘောဆွေးနွေးတာရှိတယ်။ အဖျက်သဘောဆွေးနွေးတာရှိတယ်။ အသုံးအနှုန်းအပြုအမူကအရေးကြီးတယ်။ မဲဆန္ဒရှင်မိဘပြည်သူတွေက တိုက်ရိုက်ကြည့်နေတယ်။ တိုက်ရိုက်လွှင့်ထုတ်ထားတယ်။ ဒါလေးတွေတော့ ဆင်ခြင်စေချင်တယ်။

**မတူပီမြို့၊ အရှေ့ခိုဘွေ အ.လ.က(ခွဲ)ကျောင်းအား အ.လ.ကကျောင်းအဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မတူပီမဲဆန္ဒနယ်မှ ဦးပါထန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးပါထန်း(မတူပီမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ မတူပီမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပါထန်း ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ချင်းပြည်နယ်ဟာ မြန်မာနိုင်ငံမှာ အဆင်းရဲဆုံးပြည်နယ်ဆိုတဲ့ဘွဲ့ထူးဂုဏ်ထူးကို ယနေ့ထိ မစွန့်လွှတ်နိုင်သေးပါဘူး။ အကြောင်းအရင်းကတော့ လမ်းပန်းဆက်သွယ်ရေးမကောင်းခြင်း၊ လျှပ်စစ်မီးမကောင်းခြင်းနှင့် ဖုန်းလိုင်းဆက်သွယ်ရေးမကောင်းခြင်း စတာတွေဖြစ်ပါတယ်။ ဒါ့ထက်ပိုဆိုးတာကတော့ ကျွန်တော်တို့ပညာရေးမှာ အနိမ့်ဆုံးပြည်နယ်ဖြစ်နေတာက အဆိုးဆုံးအခြေအနေဖြစ်နေပါတယ်။ ယခုနှစ် ၂၀၁၇-၂၀၁၈ ခုနှစ် ပညာသင်နှစ်မှာ မြန်မာနိုင်ငံတစ်နိုင်ငံလုံးအောင်ချက်ရာခိုင်နှုန်းက ၃၇ ရာခိုင်နှုန်းရှိပေမဲ့ ချင်းပြည်နယ်မှာ ၁၇ ရာခိုင်နှုန်းရှိပြီး ကျွန်တော်တို့ မတူပီမြို့နယ်မှာတော့ ၇ ရာခိုင်နှုန်းသာရှိနေတာကို ဝမ်းနည်းစွာတွေ့မြင်ရပါတယ်။ အကြောင်းအရင်းကတော့ သက်ဆိုင်ရာဘာသာပြဆရာဆရာမများ လုံလောက်စွာမရှိခြင်းနှင့် ကျောင်းဆောင်မလုံလောက်မှုများပဲ ဖြစ်ပါတယ်။ ယခုကျွန်တော်တင်ပြမယ့် အ.လ.က(ခွဲ) အရှေ့ခိုဘွေကျောင်းဟာဆိုရင် ဒီနှစ်မှာ ကျောင်းသားပေါင်း ၃၈၀ ကျော်အထိ လက်ခံထားတယ်။ ကျောင်းသားတွေအင်မတန်မှတိုးပွားလာတယ်။ ဒါပေမဲ့ ပေ ၁၀၀ x ပေ ၃၀ ကျောင်းဆောင်တစ်ဆောင်တည်းသာရှိပါတယ်။ KG ကျောင်းဆောင်မရှိတဲ့အတွက်ကြောင့် KG ကျောင်းကနေ အဋ္ဌမတန်းအထိ အတန်းပေါင်း ကိုးတန်းရှိပေမဲ့ ဘယ်လိုမှမဆံ့တဲ့အတွက်ကြောင့် KG ကျောင်းကို ရွက်ဖျဉ်တဲထိုးပြီးမှ အောက်မှာ တမံတလင်းခပ်ပါးပါးခင်းပြီးမှ အဲဒီကျောင်းတက်ခိုင်းရပါတယ်။ ဒီနှစ်ကျောင်းသားထပ်တိုးလာတဲ့အတွက်ကြောင့်၊ ကျောင်းဆောင်မလုံလောက်တဲ့အတွက်ကြောင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့နဲ့ မိဘပြည်သူတွေပူးပေါင်းပြီးမှ သွပ်မိုး၊ သွပ်ကာကျောင်းဆောင်သစ် တည်ဆောက်ရတဲ့အနေအထားထိရှိပါတယ်။ ကျောင်းသားဦးရေတိုးပွားလာတဲ့အတွက် ယခင်က ဆရာဆရာမအခန်းဆိုပြီးမှ ထားတဲ့အဆောင်ကိုလည်း စာသင်ဆောင်အဖြစ်အသုံးပြုတဲ့အခါမှာ ဆရာဆရာမတွေ နားနေခန်းတောင်မှမရှိတဲ့အနေအထားတွေ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အနည်းငယ်သုံးစွဲခွင့်ပြုပါခင်ဗျား။ နမ္မတူမြို့ရဲ့အနေအထားဖြစ်ပါတယ်။ ဒါဟာ ကျွန်တော်တို့ မတူပီ အရှေ့ခိုဘွေအ.လ.က ကျောင်း(ခွဲ)ရဲ့ ကျောင်းဆောင်ဖြစ်ပါတယ်။ ဘေးကနှစ်ခုက သွပ်မိုးနဲ့က ဒီနှစ်ဆောက်ထားတာဖြစ်တယ်။ တစ်ဖက်ကရွက်ဖျဉ်တဲက မနှစ်တုန်းက KG ကျောင်းမရှိတော့ ရွက်ဖျဉ်တဲ့နှင့်ဆောက်ရတဲ့ အနေ

အထားဖြစ်တယ်။ အခု ကျွန်တော်တို့ပြထားတာက ကျောင်းဆောင်နေရာနဲ့ကျောင်းဆောင်သစ် ဆောက်ချင်တဲ့မြေနေရာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ အ.လ.က(ခွဲ)အရှေ့ခိုဘွေကျောင်းဆောင်အား ပေ ၁၀၀x ပေ ၃၀ နှစ်ထပ်ဆောင် RCC ဖြင့် တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ကျောင်းအဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိ တို့ကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါ တယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်ကပဲ ဆက်လက်ပြီး ချင်းပြည်နယ်၊ မတူပီမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးပါထန်းရဲ့ မေးခွန်းဖြစ်သော မတူပီမြို့၊ အရှေ့ခိုဘွေအ.လ.က(ခွဲ)ကျောင်းအား အ.လ.ကကျောင်းအဆင့် တိုးမြှင့် ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ကျောင်းဆောင်သစ် အသစ်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိကိစ္စနှင့် စပ်လျဉ်းသည့်မေးခွန်းအား ပြန်လည်တင်ပြမှာဖြစ်ပါတယ်။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ကျွန်တော်တို့ ကျောင်းအဆင့်တိုးမြှင့်ပေးရန် သတ်မှတ်ချက်မူအရ ပြည့်မီလို့ အဆင့် တိုးမြှင့်ပေးခဲ့သောကျောင်းများမှာ ၄၁၂ ကျောင်းရှိပါတယ်။ သတ်မှတ်မူနှင့်ပြည့်မီသူမရှိသော်လည်း ဒေသလိုအပ်ချက်အရလည်းကောင်း၊ ပင်မကျောင်းနှင့်သတ်မှတ်ခရီးကွာဝေးမှုရှိနေလျှင်သော်လည်း ကောင်း၊ ကျောင်းသားကျောင်းသူတွေ သင်ကြားမှု၊ သင်ယူမှုအခွင့်အလမ်း ပိုမိုရရှိစေရန်အတွက် လည်းကောင်း၊ ဖြေလျှော့တိုးမြှင့်ပေးခဲ့တဲ့ အခြေခံပညာကျောင်းပေါင်းမှာ ၄၆၈၇ ကျောင်းဖြစ်တဲ့ အတွက် စုစုပေါင်း အခြေခံပညာကျောင်းပေါင်း ၅၀၉၉ ကျောင်းကို သက်ဆိုင်ရာကျောင်းအဆင့် အသီးသီးသို့ အဆင့်တိုးမြှင့်ပေးခဲ့ပါကြောင်း ဦးစွာတင်ပြအပ်ပါတယ်။ အဆိုပါအဆင့်တိုးမြှင့်ပေးမှု တွင် ကိုယ်စားလှယ်၏မဲဆန္ဒနယ်ဖြစ်သော မတူပီမြို့နယ်မှ အခြေခံပညာမူလတန်းလွန်ကျောင်း

နှစ်ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်းခွဲတစ်ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်းခြောက်ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်းတစ်ကျောင်း စုစုပေါင်း အခြေခံပညာကျောင်းပေါင်း ၁၀ ကျောင်းအဆင့်တိုးမြှင့်ပေးခဲ့ပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ အခြေခံပညာအလယ်တန်းကျောင်းခွဲမှ အခြေခံပညာအလယ်တန်းကျောင်း(Sanction) အဖြစ် အဆင့်တိုးမြှင့်နိုင်ရန် အလယ်ဆင့်သင်ကျောင်းသားကျောင်းသူ ၂၄၀ ဦးအထက်ရှိရန်၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲသောဒေသများ၊ သဘာဝဘေးအန္တရာယ်အတားအဆီးရှိသောဒေသများဖြစ်ပါက ပင်မကျောင်းနှင့် (၂)မိုင်အထက်ကွာဝေးခြင်း၊ သွားလာရသောမြေပြန့်ဒေသဖြစ်ပါက ပင်မကျောင်း၊ အဆင့်မြင့်ကျောင်းနှင့် (၃)မိုင်အထက်ကွာဝေးခြင်းများဖြစ်ဖို့ မူအားဖြင့် သတ်မှတ်ထားပါတယ်။ ချင်းပြည်နယ်၊ မတူပီမြို့နယ် အရှေ့ခိုဘွေကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲတွင် စုစုပေါင်း အလယ်ဆင့်သင်ကျောင်းသားကျောင်းသူ ၁၅၁ ဦးသာ ရှိပါတယ်။ ဒါ့အပြင် ပင်မကျောင်းဖြစ်တဲ့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း မတူပီနှင့် ကုန်းလမ်းခရီး (၄)ဖာလုံအကွာအဝေးသာရှိကြောင်း တွေ့ရပါသဖြင့် ဒေသတွင်းစစ်ဆေးရာမှာ ဦးစားပေးအဖြစ် ပါရှိခဲ့ခြင်းမရှိပါဘူး။ သို့သော် လက်ရှိ ယင်းကျောင်းသည် အထက်တန်းပညာအဆင့်ထိ သင်ယူမှုအခွင့်အလမ်းရရှိနေတဲ့အခြေအနေဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ကျောင်းဆောက်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် မတူပီမြို့နယ်အတွက် ငွေကျပ်သိန်းပေါင်း ၂၀၅၀ ခွဲဝေချထားပြီးဖြစ်ပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။ အရှေ့ခိုဘွေကျေးရွာအခြေခံပညာအလယ်တန်းကျောင်းခွဲတွင် ကျောင်းဆောင်အနေဖြင့် (၉၀ x ၃၀)ပေ သွပ်မိုး၊ အုတ်ညှပ်များတစ်ထပ်ဆောင်၊ (၃၀ x ၂၀) ပေ သွပ်မိုးသွပ်ကာတစ်ထပ်ဆောင် စုစုပေါင်းနှစ်ဆောင်ရှိပါတယ်။ ကိုယ်စားလှယ်တော် ကြီးတင်ပြခဲ့သည့်အတိုင်း ကျောင်းဆောင်လိုအပ်မှုဆောင်ရွက်ပေးဖို့ရာ ၂၀၁၇-၂၀၁၈ ယခု ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေတော့ လျာထားသတ်မှတ်ထားခြင်းမရှိပါဘူး။ သို့သော် လိုအပ်တဲ့အဆောက်အဦအတွက် ကျောင်းအကျိုးတော်ဆောင်၊ ကျောင်းအုပ်ကြီးနှင့် မြို့နယ်ပညာရေးမှူးတို့ပေါင်းစပ်ညှိနှိုင်းပြီး (၃၀ x ၃၀)ပေ သွပ်မိုး၊ သွပ်ကာစာသင်ခန်းတစ်ခန်း ဆောက်လုပ်ပြီး သင်ကြားရေးဆောင်ရွက်ပေးရန် စီစဉ်ထားပါကြောင်း တင်ပြအပ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့အတိုင်းပဲ လာမယ့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဘဏ္ဍာငွေများလျာထားချက် ဆောင်ရွက်သည့်အချိန်တွင် အဆိုပါကျောင်းမှာ

ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်နိုင်ရေးအတွက် ဘဏ္ဍာငွေလျာထားရန် စီစဉ်ပြီးဖြစ်ပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးပါထန်း(မတူပီမဲဆန္ဒနယ်)**။ ။ ဒုတိယဝန်ကြီးက ပြီးပြည့်စုံအောင်ဖြေပေးတဲ့အတွက် အများကြီးကျေးဇူးတင်ပါတယ်။ တစ်ဆက်တစ်စပ်တည်း ကျွန်တော်မေးချင်တဲ့မေးခွန်းက ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ လျာထားပေးခဲ့တယ်လို့ ကျွန်တော် သိရပါတယ်။ အင်မတန်မှကျေးဇူးတင်ပါတယ်။ သို့ပေမဲ့ ဒီမှာ ဘတ်ဂျက်လျာထားတဲ့အချိန်မှာ များသောအားဖြင့်က ပြည်မရဲ့ဘတ်ဂျက်နဲ့ ဝေးလံခေါင်ဖျားတဲ့တောင်တန်းဒေသရဲ့ဘတ်ဂျက်နဲ့ အတူတူလျာထားတာတွေကို အမြဲတမ်းတွေ့ရပါတယ်။ အဲဒီအခါမှာကျတော့ ကျွန်တော်တို့ ဝေးလံခေါင်ဖျားတဲ့ဒေသရဲ့ စရိတ်စက၊ သယ်ယူစရိတ်တွေ၊ ကုန်ပစ္စည်းမြင့်မားမှုတွေကြောင့် အဆောက်အဦတွေဟာ Quality မမီဘဲ၊ မပြည့်မီဘဲဖြစ်နေပါတယ်။ အဲဒါကြောင့် ကျောင်းဆောင်တွေတည်ဆောက်တဲ့အခါမှာ ဝေးလံခေါင်ဖျားတဲ့ဒေသမှာ ပိုမိုပြီးမှ ဘတ်ဂျက်လျာထားပေးရန် အစီအစဉ်ရှိ/မရှိကို တစ်ဆက်တစ်စပ်တည်းမေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လွှတ်တော်ကိုယ်စားလှယ်ကြီးခင်ဗျား။ ကျွန်တော်တို့ ဘတ်ဂျက်လျာထားရာမှာ ဘတ်ဂျက်တွက်ချက်မှုအတွက် စံ(PAE-Plant Area Estimation) ရှိပါတယ်။ ကျွန်တော်တို့ဘတ်ဂျက်လျာထားရာမှာ စံသတ်မှတ်ချက်(PAE)ဘောင်အတွင်းကပဲ ကျွန်တော်တို့လျာထားလို့ရပါတယ်။ ကိုယ်စားလှယ်ကြီးတင်ပြသလို ဒေသအလိုက် လုပ်အားခကွာခြားမှု၊ ဆောက်လုပ်ရေးပစ္စည်းကွာခြားမှု၊ နောက်တစ်ခါ ဒေသအခြေအနေနဲ့လိုက်လျောညီထွေအောင် Plant Level မြှင့်ပြီးတင်ရတာတို့၊ လိုအပ်ချက်တွဲပြီးဆောက်ရတာတို့ စသဖြင့် လိုအပ်ချက်များရှိနေရပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနရဲ့မူဝါဒကတော့ မူလဘတ်ဂျက်လျာထားချက်(BE)လျာထားရာမှာ သတ်မှတ်ထားတဲ့စံနှုန်း(Plant Level Area Estimation) အရသာ လျာထားပါတယ်။ ဘတ်ဂျက်ကျရင် ကျွန်တော်တို့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦများဦးစီးဌာနကို ကျွန်တော်တို့ လုပ်ငန်းအပ်နှံပါတယ်။ အဆောက်အဦများဦးစီးဌာနကနေ သက်ဆိုင်ရာဒေသတွင်းပေါက်ဈေးများ၊ နောက် သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့များရဲ့ ဈေးနှုန်းသတ်မှတ်အတည်ပြု

ချက်များ၊ ဒေသလိုအပ်ချက်အရ ပြုပြင်ဖြည့်စွက်ရတဲ့လုပ်ငန်းများကို ပြန်လည်စိစစ်ပြီးတော့ ဖြည့်စွက်မှာ ပြန်လည်တောင်းခံပါတယ်။ မူလလျာထားရာမှာတော့ သတ်မှတ်ထားတဲ့ဘောင်အတွင်းကပဲ ဘတ်ဂျက်စတင်လျာထားရပါကြောင်းနဲ့ လက်တွေ့ဆောင်ရွက်တဲ့အခါမှာ လိုတဲ့လုပ်ငန်းပမာဏအလိုက် သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့၊ သက်ဆိုင်ရာပညာရေးမှူး၊ သက်ဆိုင်ရာဆောက်လုပ်ရေးဝန်ကြီးဌာနတို့နှင့်ညှိနှိုင်းပြီး ပြင်ဆင်ဖြည့်စွက်ဆောင်ရွက်ရပါကြောင်း ရှိသေစွာတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဲဒီလိုကိစ္စမျိုးတွေမှာ၊ ဘတ်ဂျက်စိစစ်တဲ့အခါမှာ ကိုယ်စားလှယ်တွေက ကျွန်တော်အမြဲပြောတယ်။ တစ်နိုင်ငံလုံးမကြည့်နိုင်တောင် ကိုယ့်မဲဆန္ဒနယ်မှာပါတဲ့ဘတ်ဂျက်တွေကိစ္စဆိုလို့ရှိရင် အခုဆို ၂၀၁၈-၂၀၁၉ မှာပါတယ်။ ဒါဆိုလာတော့မှာ အဲဒီလိုဆိုလို့ရှိရင် ကိုယ်က သေချာကြည့်ဖို့လိုတယ်။ အဲဒီလိုကြည့်ပြီးတော့လိုတဲ့အခါမှာ၊ ကိုယ်ဘတ်ဂျက်စိစစ်တဲ့အခါမှာ ကိုယ်က ထဲထဲဝင်ဝင်ဒါကိုဝင်ပြီးတော့ ဒီဘတ်ဂျက်ကို ညှိနှိုင်းဆောင်ရွက်လို့ရမှာ။ တကယ်လို့ ခုနကလို လိုအပ်သွားတယ်ဆိုလို့ရှိရင်လည်း ဒါအခုလို ပြီးခဲ့တဲ့လွှတ်တော်ကချတဲ့ဘတ်ဂျက်ဆိုရင် အခုအောက်တိုဘာလဆိုရင် လာတော့မယ်။ အခုလိုတဲ့ဟာကို (RE)လာတော့မယ်။ ဖြည့်စွက်ရန်ပုံငွေလာတော့မယ်။ အဲဒီမှာလည်း ကျွန်တော်တို့ကိုယ်စားလှယ်တွေက မှန်မှန်ကန်ကန်ကိုယ့်ဒေသပေါက်စျေးနဲ့ပြန်ကြည့်ဖို့လိုတယ်။ ဒါက ကိုယ်စားလှယ်တွေမှာလည်း တာဝန်ရှိတယ်။ ကျွန်တော်တို့က Check and Balance ဆိုတာဒါကိုပဲပြောတာ။ ကိုယ်စားလှယ်တွေက ငွေကြေးကိုလည်း ဝန်ကြီးဌာနတွေ၊ အစိုးရတွေကို ကျွန်တော်တို့က ငွေကြေးနဲ့ Check and Balance ကိုကောင်းကောင်းလုပ်လို့ရတယ်။ Parliamentary Oversight ကောင်းကောင်းလုပ်လို့ရတယ်။ ဒါ ကျွန်တော်တို့ကိုယ်စားလှယ်တွေမှာလည်း တာဝန်ရှိတယ်။ အဲဒီလိုလာတဲ့အခါမှာ ဘတ်ဂျက်ချည်းပဲလာလာ၊ အခုအောက်တိုဘာမှာလာတော့မယ့်(RE)ပဲလာလာ ကိုယ်စားလှယ်တွေနဲ့လည်း ပြန်ပြီးတော့ တိတိကျကျစိစစ်ပေးဖို့လိုတယ်။

**ခေါင်လန်ဖူးမြို့နယ်၊ အ.လ.က(ခေါဘူဒဲ)နှင့် အ.လ.က(ဒီးလာဝါဇီ)ကျောင်းများတွင် အရေးတကြီးလိုအပ်သော ကျောင်းဆောင် ၆ ခန်းတွဲ တစ်ထပ်ပျဉ်ကာ၊ ပျဉ်ခင်း၊ သွပ်မိုးအသစ်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးအာမိုးဆီ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအာမိုးဆီ(ခေါင်လန်ဖူးမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအာမိုးဆီ ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် အ.လ.က(ခေါဘူဒဲ)နှင့် အ.လ.က(ဒီးလာဝါဇီ)ကျောင်းများတွင် အရေးတကြီးလိုအပ်သော ပျဉ်ခင်း၊ ပျဉ်ကာ၊ သွပ်မိုးတစ်ထပ် ခြောက်ခန်းတွဲ တစ်ဆောင်စီ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ပတ်သက်ပြီး မေးမြန်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ခေါင်လန်ဖူးမြို့နယ်သည် မြန်မာနိုင်ငံမြောက်ဘက်အကျဆုံးတွင် တည်ရှိပြီး အလွန်ဝေးလံခက်ခဲတဲ့မြို့နယ် ဖြစ်ပါတယ်။ ခရိုင်ရုံးစိုက်ရာ ပူတာအိုနှင့် မိုင်ပေါင်း ၁၃၀ ကျော် ကွာဝေးပြီး ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး ရာသီဥတုဆိုးရွားတဲ့မြို့နယ်ဖြစ်ပါတယ်။ ခေါင်လန်ဖူးမြို့နယ်သည် ဧရိယာစတုရန်းမိုင်ပေါင်း ၂၀၈၁.၃၉ ကျယ်ဝန်းပြီး လူဦးရေပေါင်း ၁၅၀၀၀ ကျော် နေထိုင်သည့်မြို့နယ် ဖြစ်ပါတယ်။ ခေါင်လန်ဖူးမြို့နယ်တွင် အခြေခံကျောင်းပေါင်း ၆၈ ကျောင်းရှိပြီး ဒီနှစ်အသစ်တိုးမြှင့်ခွင့်ရရှိထားတဲ့ အ.ထ.က တစ်ကျောင်းရယ်၊ အ.လ.က သုံးကျောင်းနှင့်ပေါင်းလိုက်ရင် အ.ထ.က နှစ်ကျောင်း၊ အ.လ.က လေးကျောင်းနှင့် အ.လ.က (ခွဲ) လေးကျောင်း၊ မူလွန် တစ်ကျောင်းနှင့် အ.မ.က ၅၇ ကျောင်း ရှိပါတယ်။ အဆိုပါကျောင်းများအနက် အ.လ.က(ခေါဘူဒဲ)ကျောင်းသည် ယခင် ခေါဘူဒဲမြို့နယ်ရှိတဲ့အချိန်ကတည်းကနဲ့ ဆောက်လုပ်ခဲ့သည့် ကျောင်းများဖြစ်ပြီး ပျဉ်ခင်း၊ ပျဉ်ကာဖြစ်တဲ့အတွက် ရာသီဥတုကြောင့် စာသင်ဆောင်အချို့မှာ ပျက်စီးနေပြီ ဖြစ်ပါတယ်။ အနီးအနားရှိ ကျေးရွာပေါင်း ၂၀ ကျော်မှ ကျောင်းသူကျောင်းသားများ ပညာသင်ယူကြသည့်ကျောင်းလည်း ဖြစ်ပါတယ်။ ယခုအခါ ကျောင်းသားကျောင်းသူများပြားလာနေပြီဖြစ်သည့်အတွက် လက်ရှိအသုံးပြုနေသည့် ကျောင်းဆောင်မှာ ကျောင်းသားအချိုးနှင့် ကိုက်ညီမှုမရှိသည်ကို တွေ့ရှိရပါတယ်။ အလားတူ အ.လ.က(ဒီးလာဝါဇီ)ကျောင်းမှာလည်း နီးစပ်ရာကျေးရွာပေါင်း ၁၅ ရွာကျော်မှ ကျောင်းသူကျောင်းသားပညာသင်ယူနေကြသည့် ကျောင်းဖြစ်ပြီး လက်ရှိအသုံးပြုနေသည့် အဆောင်မှာလည်း မိဘကျောင်းကော်မတီမှ တာဝန်ယူ ကိုယ်ထူကိုယ်ထတည်ဆောက်ခဲ့ပြီး နှစ်ပေါင်းများစွာကြာမြင့်ခြင်း၊ ပျဉ်ခင်းပျဉ်ကာဖြစ်ခြင်း၊ ရာသီဥတုဆိုးရွားခြင်းတို့ကြောင့် အန္တရာယ်ရှိအဆောင်များတွင် ပါဝင်နေသည်ကို တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point အသုံးပြုခွင့်ပေးပါ။ ဒီကျောင်းကတော့ နည်းနည်းစောင်းနေပါပြီ။ ဒါကတော့ မိဘကျောင်းကော်မတီက ကိုယ်ထူကိုယ်ထဆောက်ခဲ့တဲ့ကျောင်း ဖြစ်ပါတယ်။ ဒါက ဒီးလာဝါဇီကျောင်းပါ။ ဒါက နှစ်ထပ်ကျောင်းဆောင်ကို တက်သွားတဲ့လှေကား မကြာမကြာ ကလေးတွေ ပြုတ်ကျနေတဲ့ လှေကားဖြစ်ပါတယ်။ အန္တရာယ်ရှိတဲ့လှေကားဖြစ်ပါတယ်။ ဒီဟာတွေက အပေါ်ထပ်မှာ ရာသီဥတုကြောင့် မိုးများပြီး ဆွေးမြေ့ယိုယွင်းနေတဲ့ပုံ ဖြစ်ပါတယ်။ ဒီဟာတွေက အောက်ခြေမှာ မလုံမလဲနဲ့ စာသင်နေရတဲ့ အခန်းအောက်ခြေအပိုင်းဖြစ်ပါတယ်။ ဒီဟာတွေက အပေါ်မှာ ထရံတွေလည်းရှိတဲ့အချိန်ကျတော့ ကလေးတွေကဆော့ပြီးမှ အဲဒီမှာပျက်စီးနေတဲ့အပိုင်း တွေဖြစ်ပါတယ်။ ဒီဟာက ကျောင်းအတွင်းခန်းနံရံဖြစ်ပါတယ်။ ဒီဟာက တစ်ဘက်က လူနေဆောင်နဲ့ တွဲထားတဲ့ ကျောင်းဆောင်ဖြစ်ပါတယ်။ ဒါတွေက နှစ်ပေါင်းများစွာကြာတော့ ရာသီဥတုကြောင့် အမိုးတွေမလုံမလဲနဲ့ စာသင်နေတဲ့ကျောင်းဆောင် ဖြစ်ပါတယ်။ ဒီဟာတွေက တစ်ဘက်မှာ အန္တရာယ် ရှိလို့ အဲဒီမှာမသွားဖို့ ကလေးတွေကိုတောင်မှ တားမြစ်ထားတဲ့နေရာလေးတွေဖြစ်ပါတယ်။ အဲဒါတွေ က လွတ်တဲ့နေရာတိုင်းမှာ ဖျာတွေခင်းပြီးမှ စာသင်နေတဲ့နေရာ ဖြစ်ပါတယ်။ ဒီဟာတွေက အပေါ်ထပ် မှာ နေရှိတဲ့အတွက် အောက်မှာ လွတ်တဲ့နေရာလေးတွေ စာသင်နေရတဲ့ နေရာလေးတွေဖြစ်ပါတယ်။ အဲဒါတွေက မိုးယိုတယ်။ ဘေးမှာ ဒေသခံတွေက၊ ကျောင်းကော်မတီကလုပ်တယ်။ ဒါပေမဲ့ သူတို့လည်း ဒီငွေရေးကြေးရေးရန်ပုံငွေမရှိတဲ့အတွက် ဒီဟာတွေက နေရာတကာအပေါက်တွေပဲဖြစ်လာတဲ့ အချိန် ကျတော့ နည်းနည်းရွှေ့ပြောင်းသင်နေရတဲ့ အပေါက်နေရာတွေ ဖြစ်ပါတယ်။

လက်ရှိအနေအထားအရ အဆိုပါ အ.လ.က ကျောင်းနှစ်ကျောင်းတွင် တက်ရောက်ပညာသင် ကြားနေသည့်ကျောင်းသူကျောင်းသားများအရေအတွက်နှင့် လက်ရှိအသုံးပြုနေသည့်ကျောင်းဆောင် မှာ မျှတမှုမရှိသည်ကို တွေ့ရှိရပါတယ်။ နောက် အဲဒီလိုနဲ့ ရှိတဲ့နေရာလေးတွေကို ကျွန်တော်တို့က နီးကပ်ပြီးမှ၊ တစ်နေရာတည်းမှာပဲ စုပြီးမှ စာသင်နေတဲ့အချိန်ကျတော့ မလိုလားတဲ့ ကျန်းမာရေး ပြဿနာလေးတွေ၊ ကူးစက်မှုလေးတွေလည်း ရှိနေတာ တွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ ကျောင်းသူ ကျောင်းသားများ ပညာသင်ကြားရာတွင် အဆင်ပြေစွာပညာသင်ကြားနိုင်ရန်အတွက် အ.လ.က (ခေါဘူဒဲ)နှင့် အ.လ.က(ဒီးလာဝါဇီ)ကျောင်း။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**မူကြမ်း**

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်ကပဲ ဆက်လက်ပြီး ကချင်ပြည်နယ်၊ ခေါင်လန်ဖူးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးအာမိုးဆီရဲ့မေးခွန်းဖြစ်သော ခေါင်လန်ဖူးမြို့နယ်၊ အ.လ.က(ခေါဘူဒဲ)နှင့် အ.လ.က(ဒီးလာဝါဇီ) ကျောင်းများတွင် အရေးတကြီးလိုအပ်သော ကျောင်းဆောင် ခြောက်ခန်းတွဲ တစ်ထပ်ပျဉ်ကာ၊ ပျဉ်ခင်း၊ သွပ်မိုးအသစ်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိဆိုတဲ့ကိစ္စနှင့်စပ်လျဉ်းတဲ့မေးခွန်းကို ပြန်လည်တင်ပြမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ကချင်ပြည်နယ်၊ ခေါင်လန်ဖူးမဲဆန္ဒနယ်ဖြစ်သော ကိုယ်စားလှယ်တော်ကြီး ခေါင်လန်ဖူးမြို့နယ်အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် ငွေကျပ်သိန်းပေါင်း ၁၅၁၂ သိန်း ခွဲဝေပေးထားပြီးဖြစ်ပါကြောင်း ဦးစွာတင်ပြအပ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီး တင်ပြတဲ့ ခေါင်လန်ဖူးမြို့နယ်၊ ခေါဘူဒဲကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းတွင် ၁၂၀ ပေ x ၃၀ ပေ သွပ်မိုး၊ ပျဉ်ကာတစ်ထပ်ဆောင်၊ ၄၅ ပေ x ၂၄ ပေ သွပ်မိုး၊ ထရံ၊ ပျဉ်ကာတစ်ထပ်ဆောင် စုစုပေါင်း နှစ်ဆောင်ရှိပြီး ကျောင်းသားကျောင်းသူဦးရေမှာ မူလတန်းအဆင့်တွင် ၄၁ ဦး၊ အလယ်တန်းအဆင့်တွင် ၃၃ ဦး စုစုပေါင်း ၇၄ ဦး ပညာသင်ကြားနေကြောင်း တွေ့ရှိရပါတယ်။ နောက်တစ်ကျောင်းဖြစ်တဲ့ ဒီးလာဝါဇီကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းတွင် ၄၅ ပေ x ၂၈ ပေ သွပ်မိုး၊ ပျဉ်ကာတစ်ထပ်ဆောင်၊ သွပ်မိုး၊ ပျဉ်ကာ၊ ထရံတစ်ထပ်ဆောင် စုစုပေါင်း နှစ်ဆောင်ရှိပြီး ကျောင်းသူကျောင်းသားဦးရေမှာ မူလတန်းအဆင့်တွင် ၅၂ ဦး၊ အလယ်တန်းအဆင့်တွင် ၇၆ ဦး စုစုပေါင်း ၁၂၈ ဦး ပညာသင်ကြားနေပါကြောင်း တင်ပြအပ်ပါတယ်။ ကျွန်တော်တို့ အခုလက်ရှိ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် ရန်ပုံငွေခွဲဝေချထားမှုပြုရာမှာ ခေါင်လန်ဖူးမြို့နယ်အတွင်းကျောင်းများကို ဦးစားပေးတန်းစီဇယားမှာတော့ ခေါဘူဒဲကျေးရွာကျောင်း၊ ဒီးလာဝါဇီကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းတို့အတွက် ရန်ပုံငွေလျာထားခဲ့ခြင်းမရှိပါကြောင်းနှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် ရန်ပုံငွေလျာထားချက်ဆောင်ရွက်ရာမှာ ပြည်နယ်အစိုးရ၊ ဒေသဆိုင်ရာအာဏာပိုင်၊ ပညာရေးမှူးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပေါင်းစပ်ညှိနှိုင်းပြီး ခေါင်လန်ဖူးမြို့နယ်အတွင်း

မှာရှိတဲ့ကျောင်းများကို ဦးစားပေးအစီအစဉ်ဆွဲတဲ့အခါမှာ ဦးစားပေးအစီအစဉ်အဖြစ် ပါရှိရေး ဆောင်ရွက်မည်ဖြစ်ပါကြောင်း ရှိသေစွာတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**သနပ်ပင်မြို့နယ်၊ အ.ထ.က(ခွဲ) နတ်ရေကန်၊ အောက်ခရမ်း၊ တောင်ဘက်ကမ်းနှင့် ကုတ္တိုတို့ကို အ.ထ.ကများအဖြစ်လည်းကောင်း၊ အ.လ.က မိုးခိုင်ကြီးကို အ.ထ.က(ခွဲ)အဖြစ်လည်းကောင်း၊ အ.လ.က(ခွဲ) ဉာဏ်ကျွန်း၊ ဝဲပြန်၊ ဇီးပင်၊ ကျိုက်ပဒိုင်ကြီး၊ ကပင်၊ ကွဲဖြူချောင်း၊ ကသဲကုန်း၊ ကလိုင်၊ ကသစ်ဝိုင်နှင့် အောက်တကဲကျောင်းများကို အ.လ.က အဖြစ်လည်းကောင်း၊ အ.မ.က(ခွဲ) ကုလားတဲစု ကို အ.မ.ကအဖြစ်လည်းကောင်း၊ ကိုယ့်အားကိုယ်ကိုး ခရာစုကျေးရွာဟောင်း တွဲဖက်မူလတန်း ကျောင်းနှင့် ကိုယ်အားကိုယ်ကိုး စံပြလေး တွဲဖက်မူလတန်းကျောင်းတို့ကို မူလတန်းကျောင်း(ခွဲ)များ အဖြစ်လည်းကောင်း အဆင့်တိုးမြှင့်ပေးရန်နှင့် ကျောင်းသားဦးရေနှင့် ဆရာအချိုးမညီမျှသော ကျောင်းများတွင် လိုအပ်သောဆရာများခန့်ထားပေးရန် အစီအစဉ်ရှိ/မရှိနှင့်မေးခွန်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမြင့်ဦး(သနပ်ပင်မဲဆန္ဒနယ်)**။ ။ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦး ဖြစ်ပါတယ်။ သနပ်ပင်မြို့နယ် အခြေခံပညာကျောင်းများမှာ အဆင့်တိုးမြှင့်ပေးဖို့နဲ့ ကျောင်းသားနဲ့ဆရာအချိုးမညီတဲ့ ကျောင်းများကို ဆရာဖြည့်ဆည်းခန့်ထားပေးဖို့ပဲ မေးမြန်းလိုတာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ သနပ်ပင်မြို့နယ်ဟာ စစ်တောင်းမြစ်ရဲ့အနောက်ဘက် မုတ္တမကွေ့ အနီးမှာတည်ရှိတဲ့အတွက် ချောင်း၊ မြောင်းတွေ အလွန်ပေါများပါတယ်။ မိုးတွင်းဆိုရင် လှေနဲ့ပဲ သွားလာလို့ရပါတယ်။ လမ်းပန်းဆက်သွယ်ရေးတော်တော်ခက်ခဲပါတယ်။ ကျွန်တော်တို့ မူလတန်းနှင့် အလယ်တန်းအရွယ်ကလေးတွေဟာဆိုလို့ရှိရင် သိပ်ငယ်ပါတယ်။ တစ်ရွာနဲ့တစ်ရွာ ကူးလူးပြီးတော့ ပညာသင်တဲ့အခါမှာ သူတို့အတွက် အန္တရာယ်အလွန်ရှိပါတယ်။ ဒါကြောင့်မို့လို့ ကျောင်းသားဦးရေ အသင့်အတင့်ရှိတဲ့ကျောင်းတွေကို အဆင့်တိုးမြှင့်ပေးဖို့တင်ပြခဲ့တာဖြစ်ပါတယ်။ Power Point အသုံးပြုခွင့်ပြုပါ။ ကျွန်တော်တို့ အ.ထ.က(ခွဲ)ဖြစ်တဲ့ နတ်ရေကန်၊ အောက်ခရမ်း၊ တောင်ဘက်ကမ်းနဲ့ ကုတ္တိုကျောင်းတွေကို အထက်တန်းကျောင်းအဖြစ်တိုးမြှင့်ပေးဖို့နဲ့ မိုးခိုင်ကြီး အ.လ.က ကိုတော့ အ.ထ.က(ခွဲ)အဖြစ်တိုးမြှင့်ပေးဖို့ နောက်တစ်ခါ အ.လ.ကခွဲတွေဖြစ်တဲ့ ဉာဏ်ကျွန်း၊ ဝဲပြန်၊ ဇီးပင်၊ ကျိုက်ပဒိုင်ကြီး၊ ကပင်၊ ကွဲဖြူချောင်း၊ ကသဲကုန်း၊ ကလိုင်၊ ကသစ်ဝိုင်နှင့် အောက်တကဲကျောင်းတွေကို ကျွန်တော်တို့ အ.လ.ကအဆင့်အထိ တိုးမြှင့်ပေးဖို့ရယ် နောက် ကုလားတဲစု အ.မ.က(ခွဲ)ကို အ.မ.က

အဆင့်တိုးမြှင့်ပေးဖို့နဲ့ ကိုယ့်အားကိုယ်ကိုး ခရာစုရွာဟောင်းနဲ့ စံပြလေးကျောင်းတွေကို အ.မ.က အဆင့်မြှင့်ပေးဖို့ တင်ပြခဲ့တာဖြစ်ပါတယ်။ အဲဒီလို မိမိတင်ပြခဲ့တဲ့ကျောင်းအများအပြားကို အဆင့်တိုးမြှင့်ပေးခဲ့တဲ့အတွက်လည်း အထူးကျေးဇူးတင်ရှိပါတယ်။ ကျန်ခဲ့တဲ့ကျောင်းတွေကိုလည်း ထပ်မံပြီးတော့ အဆင့်တိုးမြှင့်ပေးဖို့လို့ အထူးစဉ်းစားပေးဖို့ တင်ပြအပ်ပါတယ်။ Power Point ခေတ္တ ပိတ်လို့ရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မိမိတို့ ပြည်သူ့အစိုးရသစ်လက်ထက်မှာ သနပ်ပင်မြို့နယ် အခြေခံကျောင်းများအတွက်ကို နေ့စားဆရာဆရာမ ပြီးခဲ့တဲ့နှစ်မှာ ၂၂၅ ဦးကို ခန့်ထားပေးခဲ့ပါတယ်။ အဲဒါဟာဆိုလို့ရှိရင် ကျွန်တော်တို့မြို့နယ်ကလျှောက်ထားသူအားလုံးကို ခန့်ပေးခဲ့တာဖြစ်ပါတယ်။ အဲဒီအတွက်လည်း အင်မတန်ကျေးဇူးတင်ရှိပါတယ်။ သို့သော်လည်း ကျောင်းသားဦးရေ အဆမတန်များပြီးတော့ ဆရာအလွန်နည်းတဲ့ ကျောင်းများလည်းရှိနေပါသေးတယ်။ အဲဒီကျောင်းတွေဟာ စာတတ်အောင်သင်ဖို့ ဘယ်လိုမှမဖြစ်နိုင်လောက်အောင်ကို ကျောင်းသားနဲ့ဆရာအချိုးမမျှတဲ့ကျောင်းများဖြစ်ပါတယ်။ အဲဒီကျောင်းတွေကို ဆရာထပ်ခန့်ပေးဖို့ ဒါမှမဟုတ်ရင်လည်း များတဲ့ကျောင်းတွေကနေပြီးတော့ မျှပေးဖို့လို့ ဒီ ၂၀၁၆-၂၀၁၇ ပညာသင်နှစ် အစမှာကတည်းက ပညာရေးဌာနအဆင့်ဆင့်ကို ကျွန်တော့်အနေနဲ့ ညှိနှိုင်းခဲ့ပါတယ်။ အခု လွှတ်တော်ဥက္ကဋ္ဌကြီးကတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်းမေးတဲ့အထိပေါ့။ ၂၀၁၇-၂၀၁၈ အခုထိကို ဖြည့်တင်းပေးနိုင်မှုမရှိသေးပါဘူး။ အဲဒီကျောင်းတွေကတော့ Power Point တင်ပြပေးပါ။ နတ်ရေကန်၊ ညဏ်ကျွန်း၊ မိုးခိုင်ကြီး၊ ကလိုင်၊ ဇီးပင်၊ ရွာဟောင်း၊ အောက်တကဲ၊ ဝဲပြန်၊ ရွှေလှေစု၊ ကွင်းယားရှည်၊ တံခွန်တိုင်၊ ကသစ်ဝိုင်၊ ကျွဲဖြူကျောင်း၊ ကပင်၊ ကသဲကုန်းစတဲ့ကျောင်းများပဲဖြစ်ပါတယ်။ နောက်ထပ် ကျောင်းသားဦးရေနဲ့က နည်းပြီးတော့ ဆရာအင်အားများတဲ့ကျောင်းတွေကိုလည်း ကျွန်တော်ဆက်ပြီးတော့ တင်ပြလိုပါတယ်။ အဲဒီကျောင်းတွေကိုကြည့်လို့ရှိရင် ဆရာဦးရေက ရှစ်ဦး၊ ခုနစ်ဦးရှိပြီးတော့ ကျောင်းသားက ၂၆ ဦးကနေပြီးတော့ ၉၇ ဦးထိပဲရှိတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒီဟာတွေကို ကြည့်လိုက်လို့ရှိရင် ကျောင်းသားများတဲ့ကျောင်းတွေမှာ ၈၀း၁ ဖြစ်နေတာတွေ့ရပြီးတော့ ကျောင်းသားနည်းတဲ့ကျောင်းတွေမှာတော့ ၈း၁ ဖြစ်နေတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ နောက်ထပ်မခန့်နိုင်သေးလို့ရှိရင်လည်း ကျောင်းသားဦးရေများတဲ့၊ ဆရာအချိုးများတဲ့ကျောင်းတွေကနေပြီးတော့ နည်းတဲ့ကျောင်းတွေကို မျှပေးဖို့လို့ အဓိကတင်ပြလိုတာဖြစ်ပါတယ်။ သို့ပါ၍ ကျွန်တော်မေးမြန်းလိုတာကတော့ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်ရှိ ဖော်ပြပါအခြေခံကျောင်းများကို အဆင့်တိုးမြှင့်ပေးရန်နှင့်

ကျောင်းသားဦးရေနှင့်ဆရာအချိုးမညီမျှတဲ့ကျောင်းတွေကို လိုအပ်တဲ့ဆရာများဖြည့်ဆည်းခန့်ထားပေးရန် အစီအစဉ်ရှိ/မရှိမေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော်ကပဲ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးမြင့်ဦးရဲ့ မေးခွန်းဖြစ်သော သနပ်ပင်မြို့နယ်၊ အ.ထ.က(ခွဲ) နတ်ရေကန်၊ အောက်ခရမ်း၊ တောင်ဘက်ကမ်းနှင့် ကုက္ကိုတို့ကို အ.ထ.ကများအဖြစ်လည်းကောင်း၊ အ.လ.က မိုးခိုင်ကြီးကို အ.ထ.က(ခွဲ)အဖြစ်လည်းကောင်း၊ အ.လ.က(ခွဲ) ဉာဏ်ကျွန်း၊ ဝဲပြန်၊ ဇီးပင်၊ ကျိုက်ပဒိုင်ကြီး၊ ကပင်၊ ကွဲဖြူချောင်း၊ ကသဲကုန်း၊ ကလိုင်၊ ကသစ်ဝိုင်နှင့် အောက်တကဲကျောင်းများကို အ.လ.က အဖြစ်လည်းကောင်း၊ အ.မ.က(ခွဲ) ကုလားတဲစုကို အ.မ.ကအဖြစ်လည်းကောင်း၊ ကိုယ့်အားကိုယ်ကိုး ခရာစုကျေးရွာဟောင်း တွဲဖက်မူလတန်းကျောင်းနှင့် ကိုယ်အားကိုယ်ကိုး စံပြလေး တွဲဖက်မူလတန်းကျောင်းတို့ကို မူလတန်းကျောင်းခွဲများအဖြစ်လည်းကောင်း အဆင့်တိုးမြှင့်ပေးပါရန်နှင့် ကျောင်းသားဦးရေနှင့် ဆရာအချိုးမညီသောကျောင်းများတွင် လိုအပ်သောဆရာများ ခန့်ထားပေးရန် အစီအစဉ်ရှိ/မရှိဆိုတဲ့ မေးခွန်းနှင့်စပ်လျဉ်းပြီး တင်ပြမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှာ ကျွန်တော်စောစောကတင်ပြသလိုပဲ အခြေခံပညာကျောင်းပေါင်း ၅၀၉၉ ကျောင်း အဆင့်တိုးမြှင့်ဆောင်ရွက်ပေးခဲ့ရာမှာ ကိုယ်စားလှယ်တော်ကြီး၏မဲဆန္ဒနယ်ဖြစ်သော သနပ်ပင်မြို့နယ်မှ အခြေခံပညာအထက်တန်းကျောင်းတစ်ကျောင်း၊ အခြေခံပညာထက်တန်းကျောင်းခွဲတစ်ကျောင်း၊ အခြေခံပညာ အလယ်တန်းကျောင်းရှစ်ကျောင်း၊ အခြေခံပညာမူလတန်းကျောင်းတစ်ကျောင်း၊ အခြေခံပညာမူလတန်းကျောင်းခွဲနှစ်ကျောင်း စုစုပေါင်း အခြေခံပညာကျောင်းပေါင်း ၁၃ ကျောင်း ပါဝင်ခဲ့ပါတယ်။ ဒါကြောင့်မို့လို့ သနပ်ပင်မြို့နယ်အတွင်း ယခုပညာသင်နှစ်အထိ အခြေခံပညာအထက်တန်းကျောင်းခုနစ်ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်းခွဲပေါင်း ခုနစ်ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်းပေါင်း

ရှစ်ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်းခွဲ ၂၃ ကျောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်း ၇၂ ကျောင်း၊ အခြေခံပညာမူလတန်းကျောင်းတစ်ကျောင်း၊ အခြေခံပညာမူလတန်းကျောင်းခွဲ နှစ်ကျောင်း စုစုပေါင်း အခြေခံပညာကျောင်းပေါင်း ၁၂၀ အထိ ဆောင်ရွက်ပေးပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ကိုယ်စားလှယ်ကြီးတင်ပြထားသော ကျောင်းများအနက်မှ ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းများဖြစ်သည့် ခရာစုရွာဟောင်းကျေးရွာ၊ စံပြလေးကျေးရွာတို့ကို အခြေခံပညာ မူလတန်းကျောင်းခွဲများအဖြစ်လည်းကောင်း၊ ကုလားတဲစုကျေးရွာ အခြေခံပညာမူလတန်းကျောင်းခွဲ ကို အခြေခံပညာမူလတန်းကျောင်းအဖြစ်လည်းကောင်း၊ အခြေခံပညာအလယ်တန်းကျောင်းခွဲများဖြစ် သော ဉာဏ်ကျွန်းကျေးရွာ၊ ဝဲပြန်ကျေးရွာ၊ ဇီးပင်ကျေးရွာ၊ ကပင်ကျေးရွာ၊ ကွဲဖြူချောင်းကျေးရွာ၊ ကသဲကုန်းကျေးရွာ၊ ကလိုင်ကျေးရွာ၊ ကသစ်ဝိုင်ကျေးရွာတို့ကို အခြေခံပညာအလယ်တန်းကျောင်းများ အဖြစ်လည်းကောင်း၊ မိုးခိုင်ကြီးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းကို အခြေခံပညာ အထက်တန်းကျောင်းခွဲအဖြစ်သို့လည်းကောင်း၊ နတ်ရေကန်ကျေးရွာ အခြေခံပညာအထက်တန်း ကျောင်းခွဲကို အခြေခံပညာအထက်တန်းကျောင်းအဖြစ်လည်းကောင်း စုစုပေါင်း အခြေခံပညာ ကျောင်းပေါင်း ၁၃ ကျောင်းကိုလည်း ကျွန်တော်တို့ ပြီးခဲ့တဲ့ မေလ ၂၃ ရက်နေ့က အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးပြီးဖြစ်တဲ့အတွက် ဒီတင်ပြထားတဲ့အထဲက အနည်းငယ်မျှပဲ တိုးမြှင့်ရန်ကျန်မှာဖြစ်ပါတယ်။ ဒီကျန်တဲ့ကျောင်းကိုလည်း လာမယ့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း တိုးမြှင့်ပေးရန် စိစစ်ဆောင်ရွက် ပေးမည်ဖြစ်ကြောင်း တင်ပြပါတယ်။

ဒီအဆင့်တိုးမြှင့်နိုင်ခဲ့သလို ဒီဆရာဆရာမလိုအပ်ချက်များကို ကိုယ်စားလှယ်တော်ကြီးတင်ပြ သလိုပါပဲ သနပ်ပင်မြို့နယ်အတွင်းမှာပဲ ပိုတဲ့ကျောင်းနှင့် လိုတဲ့ကျောင်း လွှဲပြောင်းအသုံးပြုတာ ဆောင်ရွက်ပါမယ်။ ပညာရေးကောလိပ်သင်တန်းဆင်းများဆင်းတဲ့အခါမှာလည်း ကျွန်တော်တို့ ဖြည့်ခန့်ပေးပါမယ်။ နောက်တစ်ခါ ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့အတိုင်းပဲ နေ့စားလပေး မူလတန်းပြများခန့်ထားတဲ့အခါမှာလည်း ဖြည့်စွက်ဆောင်ရွက်ပါမယ်။ ဒီလုပ်ငန်းတွေအားလုံးကို ၂၀၁၇-၂၀၁၈ ယခုဘဏ္ဍာရေးနှစ်အတွင်းမှာပဲ ပြည့်စုံအောင်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ရှိသေစွာတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျွန်တော်တို့ ကိုယ်စားလှယ်တွေအနေနဲ့ မေးခွန်းမေးတဲ့အခါမှာ မေးခွန်းမှာပါတဲ့ စည်းကမ်းချက်၊ ကန့်သတ်ချက်တွေကို ကိုယ်မေးမယ်ဆိုလို့ရှိရင် အဲဒီမှာ အရင်ဆုံးလေ့လာပြီးမှ အဲဒီ စည်းကမ်းချက်၊ ကန့်သတ်ချက်တွေကို ဘောင်ဝင်အောင်တော့ မေးဖို့တော့လိုပါတယ်။ ဘာလို့လဲ

ဆိုတော့ မေးခွန်းနဲ့ပတ်သက်တဲ့စည်းကမ်းချက်မှာ အကြောင်းကိစ္စတစ်ခုကို သိလိုတာမေးရမယ်။ ဖြစ်ရမယ်။ နောက်တစ်ခါ မလိုအပ်ဘဲနဲ့ ရှည်လျားတာမဖြစ်ရဘူး။ ဒီလို သတ်မှတ်ချက်တွေရှိတယ်။ ဒီမှာက အကြောင်းကိစ္စတစ်ခုမို့ ဒါက ပညာရေးကဏ္ဍတစ်ခုလို့ ဘယ်မှာလဲဆိုတော့ သနပ်ပင်မြို့နယ် မှာရှိတဲ့ ရှိသမျှ ပညာရေးကျောင်းတွေအကုန်လုံးပဲ အဲဒါက ကျွန်တော်ဖတ်ပြမယ်။ အ.ထ.က(ခွဲ)ကို (၁) အချက်ကခွဲထားတာ အ.ထ.ကအဖြစ်လည်းကောင်း၊ အ.လ.ကကို တစ်ခါ အ.ထ.က(ခွဲ)အဖြစ် လည်းကောင်း၊ အ.လ.က(ခွဲ)ကို အ.လ.က အဖြစ်လည်းကောင်း၊ အ.မ.က(ခွဲ)ကို အ.မ.ကအဖြစ် လည်းကောင်း၊ တွဲဖက်မူလတန်းကျောင်းကို မူလတန်းကျောင်းခွဲအဖြစ်လည်းကောင်း ပြီးတော့မှတစ်ခါ ကျောင်းသားဦးရေရဲ့ ဆရာအချိုးမညီသော ကျောင်းများကို ဖြည့်စွက်ခန့်ထားဖို့ မေးခွန်းက ခြောက်မျိုး၊ အကြောင်းအရာခြောက်ခု အမှန်က မေးခွန်းသည် အကြောင်းကိစ္စတစ်ခုပဲဖြစ်ရမယ်။ မလိုအပ်ဘဲနဲ့ ရှည်လျားတာမဖြစ်ရဘူး။ ဒါကပြောစရာတော့ရှိတယ်။ ဘာလဲဆိုလို့ရှိရင် ဒါက ပညာရေး ကိစ္စတစ်ခုလုံးလို့ပြောမယ်။ ပညာရေးကိစ္စဆိုတာ ပညာရေးနဲ့ပတ်သက်တဲ့ Subject တစ်ခု၊ ကဏ္ဍ တစ်ခုဖြစ်သွားလိမ့်မယ်။ အကြောင်းကိစ္စတစ်ခုက အမှန်ဆိုရင် အ.ထ.က(ခွဲ)ကို အ.ထ.ကအဖြစ် လုပ်မလား။ အ.လ.က(ခွဲ)ကို အ.လ.ကအဖြစ်လုပ်မလား။ မူလတန်းခွဲကို မူလတန်းအဖြစ်လုပ်မလား။ တစ်ခုချင်းမေးဖို့ကောင်းတယ်။ အခုဟာက သနပ်ပင်မြို့နယ်မှာရှိတဲ့ ကျောင်းအားလုံးကို ခုနက ဝန်ကြီးဌာနကဖြေတယ်။ ၁၂၀ အားလုံးကို သိမ်းကျုံးပြီးတော့ အဲဒါမျိုးတွေ သတိထားဖို့လိုတယ်။ ကိုယ်မေးခွန်းမေးမယ်ဆိုရင် မေးခွန်းမှာပါတဲ့ ပြဋ္ဌာန်းထားတာပဲ။ စာအုပ်တွေမှာလည်း ဖြန့်ဝေထား တာပဲ။ စည်းကမ်းနဲ့ကန့်သတ်ချက်ကိုတော့ အရင်ဆုံးတိုက်ဆိုင်ပြီးတော့မှ မေးဖို့ကြိုးစားပေးဖို့တော့ လိုအပ်ပါတယ်။

**ဟုမ္မလင်းမြို့နယ်အတွင်းရှိ ၂၀၁၇-၂၀၁၈ တွင် တည်ဆောက်ရန် ဘတ်ဂျက်ကျသည့်ကျောင်းများအား ကျေးရွာကော်မတီ ဆောက်လုပ်ခွင့်တောင်းခံပါက ချထားပေးရန် အစီအစဉ်ရှိ/မရှိတို့နှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဟုမ္မလင်းမဲဆန္ဒနယ်မှ ဦးမျိုးညွန့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမျိုးညွန့်(ဟုမ္မလင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးကိုမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ဒီနေ့မေးမယ့်မေးခွန်းကတော့ စစ်ကိုင်း တိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ်အတွင်းရှိ ၂၀၁၇-၂၀၁၈တွင်တည်ဆောက်မည့် ကျောင်းများကို

ကျေးရွာများမှ ကော်မတီဆောက်ခွင့်တောင်းခံလာပါက ခွင့်ပြုချထားချက်ပေးရန် အစီအစဉ်ရှိ/မရှိ နဲ့စပ်လျဉ်းပြီး မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးလမ်းညွှန်တဲ့အတိုင်း လွှတ်တော်နားရက်တွေမှာ ကျွန်တော်တို့ နယ်ဆင်းပါတယ်။ နယ်ဆင်းတဲ့အခါတိုင်းလည်း ကျွန်တော်တို့ ကျေးရွာရှိကျောင်းတွေကို ရောက်ပါတယ်။ ဆောက်လက်စကျောင်းတွေရှိလို့ရှိရင်လဲ ကျေးရွာသူ၊ ကျေးရွာသားများက ကျွန်တော်တို့ကို ခေါ်ပြလေ့ရှိပါတယ်။ ဒီဘက်ခေတ်မှာဆိုရင် ကျောင်းတွေကို အစိုးရကတာဝန်ယူဘတ်ဂျက်ချပြီး ဆောက်လုပ်ပေးနေတာကို တွေ့လာရပါတယ်။ ကျေးရွာသူ၊ ကျေးရွာသားများအဖို့လည်း ခန့်ညားလှတဲ့ကျောင်းဆောင်ကြီးရရှိမှာဖြစ်တဲ့အတွက် ပျော်ရွှင်ဝမ်းမြောက်ကြပါတယ်။ ဆောက်လုပ်ခွင့်ရတဲ့ ကျောင်းအများစုကလည်း တင်ဒါအောင်ပြီး ကုမ္ပဏီများနှင့်ဆောက်လုပ်ကြပါတယ်။ ၂၀၁၆-၂၀၁၇ အတွင်း ဆောက်လုပ်ခွင့်ရကျောင်းများကို သွားရောက်ကြည့်ရှုတဲ့အခါမှာတော့ ကျွန်တော်တို့ ချို့ယွင်းချက်များကိုတွေ့ရှိရပါတယ်။ အရမ်းအမြင့် စံချိန်မမီခြင်းကိုတွေ့ရှိပါတယ်။ ခန်းဖွင့်အရ ၁၂ ပေ ရှိရမယ့်ဟာကို ၆ လက်မလျော့တာတွေ၊ ၈ လက်မလျော့တာတွေ ကျွန်တော်တို့တွေ့ရှိခဲ့ရပါတယ်။ အသုံးပြုထားတဲ့အသားများ စံချိန်မမီတာကိုတွေ့ရပါတယ်။ ဥပမာ - ကျွန်း၊ သစ်မာတွေသုံးရမယ်ဆိုလို့ရှိရင်လည်း ဘဂါတွေပါနေတာကို ကျွန်တော်တို့တွေ့ခဲ့ရပါတယ်။ အသားအစားထိုးအသုံးပြုခြင်းတွေတွေ့ရပါတယ်။ သစ်မာတွေနေရာတွေမှာ အင်၊ ကညင်တွေအစားထိုးပြီး အသုံးပြုတာလည်း တွေ့ခဲ့ရပါတယ်။ အုတ်စံချိန်မမီခြင်းလည်းတွေ့ခဲ့ရပါတယ်။ ဘိလပ်မြေအချိုးအစားလျော့နည်းတာတွေလည်း တွေ့ရပါတယ်။ ခေါင်မိုးသွပ်အရည်အသွေး စံချိန်မမီတာကိုလည်းတွေ့ရပါတယ်။ မိုးသီးတစ်ခါကျတာနဲ့ ပေါက်သွားမယ့်သွပ်တွေကို သုံးထားတာကိုလည်းတွေ့ခဲ့ရပါတယ်။ လက်ရာသေသပ်မှုမရှိခြင်း၊ ကျွမ်းကျင်မှုမရှိခြင်းများကိုတွေ့ရပါတယ်။ ဈေးချိုတဲ့ပန်းရံများ၊ လက်သမားများကို ခေါ်ပြီး သုံးပါတယ်။ ကျွမ်းကျင်မှုကိုမစစ်တာကိုလည်း တွေ့ရပါတယ်။ ကျေးရွာသူ၊ ကျေးရွာသားများအနေနဲ့ မိမိတို့ရွာမှာကျန်ရစ်မယ့် ရွာဂုဏ်ဆောင်စာသင်ကျောင်းကြီးကို စံချိန်မီခန့်ခန့်ညားညား၊ ခိုင်ခိုင်ခန့်ခန့် ရရှိလိုကြတဲ့ ဆန္ဒရှိကြပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးပညာကို နားလည်ကျွမ်းကျင်ခြင်းမရှိပါဘူး။ ဒါပေမဲ့ ကျွန်တော်တို့သွားကြည့်တာတောင်မှ ချို့ယွင်းချက်တွေကို သိမြင်နိုင်ပါတယ်။ ပညာရှင်တွေနဲ့ တကယ်စစ်ဆေးမယ်ဆိုလို့ရှိရင်တော့ ချို့ယွင်းချက်ပေါင်းများစွာကို တွေ့ရှိလာရမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် ပြခွင့်ပြုပါ။ ဒါကတော့ မူလွန်မုက္ကလိကျောင်းပါ။ အခုရေကြီးနေတဲ့အတွက် ရေထဲမှာရောက်နေပါတယ်။ အရပ်အမြင့်ကတော့ ခန်းဖွင့်ကနိမ့်နေပါတယ်။ အခုလိုမျိုး ရေဆိုရင်ရောက်တဲ့ရွာတွေမှာဆိုရင် တစ်ထပ်ကျောင်းဆောင်တွေကျပေးတဲ့အခါမှာ ကျွန်တော်တို့ ရေဘေးကယ်ဆယ်ရေးစခန်းတောင်မဖွင့်နိုင်တဲ့ အခြေအနေတွေရှိနေပါတယ်။ ဒါကတော့ မူလွန်အုန်းပုဲ့ကျောင်းပါ။ အမိုးကို သူတို့သုံးထပ်သားတွေနဲ့သုံးပြီးမိုးထားပါတယ်။ ကျွန်တော် အဲဒါကိုပြင်ပေးပါဆိုတဲ့အတွက် အခုတော့ပြင်ပေးပြီလို့ပြောပါတယ်။ ပန်းရံလက်သမား တော့ အဲဒီအတိုင်း မသေမသပ်နဲ့လုပ်ထားတာကိုတွေ့ခဲ့ရပါတယ်။ ဒါကတော့ အ.ထ.က မောင်းခမ်း ကျောင်းပါ။ အ.ထ.က မောင်းခမ်းကျောင်းမှာဆိုလို့ရှိရင် အသားကြီးသုံးရမယ့်နေရာတွေ အင်၊ ကညင် တွေသုံးထားတာကိုတွေ့ရပါတယ်။ အုတ်တွေကတော့ စံချိန်မမီတဲ့ အုတ်တွေကိုသုံးထားတာကို တွေ့ရပါတယ်။ ဒါစံချိန်မမီတဲ့အုတ်တွေပါ။ ဒါကျောင်းရဲ့အနောက်ဘက်မှာ တွေ့ရပါတယ်။ ဒါကျောင်းရဲ့အရှေ့ဘက်မှာပါ။ ပတ်ပတ်လည်အားလုံး စံချိန်မမီတဲ့အုတ်တွေကိုယူပြီးတော့မှ ညတွင်းချင်းဆောက်နေတာကိုတွေ့ရတဲ့အတွက် ချက်ချင်းလက်ငင်းသွားရောက်တားမြစ်ရတာကို ကြုံခဲ့ရပါတယ်။ ဒါ အ.ထ.က မောင်းခမ်းကျောင်းဆောင်အတွင်းဘက်ကို ကြည့်တာပါ။ ဒါ အ.လ.က (ခွဲ)ထုံမာတဲကျောင်းဆောင်ဖြစ်ပါတယ်။ အဲဒီမှာ ခါးပန်းဆိုလို့ရှိရင် အပြင်ဘက်ထွက်ပြီးတော့မှ မသေမသပ်လုပ်ထားတာတွေ့ပါတယ်။ ဒါကတော့ ကိုယ်ထူကိုယ်ထကျောင်းဆောင်တွေကို ပြချင်လို့ပါ။ ဒါကတော့ ကျွန်တော်တို့မူလွန်တောင်ကာကျောင်းပါ။ ရွာကနေကိုယ်ထူကိုယ်ထဆောက်ထားတဲ့ ကျောင်းပါ။ Frame လဲကောင်းပြီးတော့မှ သုံးတဲ့အသားတွေကလည်း အရည်အသွေးမီပါတယ်။ ဒါသာစည်ရွာကျောင်းဆောင်ပါ။ အိမ်ခြေလေး ၆၀ လောက်ပဲရှိပါတယ်။ တစ်ရွာလုံးစုပေါင်း ဆောက်တဲ့ကျောင်းပါ။ စံချိန်လဲမီပါတယ်။ ဒါကတော့ အ.လ.က(ခွဲ)ပင်းဖာပါ ကျောင်းဖြစ်ပါတယ်။ ကျောင်းကိုသွားကြည့်လို့ရှိရင် အကောင်းဆုံးကျောင်းတွေထဲမှာတောင်မှ ထည့်ရမှာဖြစ်ပါတယ်။ ဒါ အ.ထ.က(ကက်သာ)ကျောင်းဆောင်ကြီးပါ။ ဒါရွာကနေမှ ကိုယ်ထူကိုယ်ထဆောင်ထားတဲ့ ကျောင်းတွေပါ။ ကျေးဇူးတင်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ဘက်မှာ ကော်မတီဆောက်တဲ့ ကျောင်းတွေ၊ ကျေးရွာကနေကိုယ်ထူကိုယ်ထဆောက်တဲ့ကျောင်းတွေဟာ သေသပ်လှပခိုင်ခန့်မှု ရှိနေတာကိုလည်းတွေ့ရပါတယ်။ ကိုယ်ထူကိုယ်ထဆောက်တဲ့ကျောင်းများနဲ့ ကုမ္ပဏီဆောက်သော ကျောင်းများဟာ တော်တော်ကိုကွာခြားနေပါတယ်။ ဒါကြောင့် ကျွန်တော်ဒီမေးခွန်းကို မေးရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော်က ပဲဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးမျိုးညွန့်၏ မေးခွန်းဖြစ်သော ဟုမ္မလင်းမြို့နယ်အတွင်းရှိ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း တည်ဆောက်ရန် ဘတ်ဂျက်ကျသည့်ကျောင်းများအား ကျေးရွာကော်မတီမှ ဆောက်လုပ်ခွင့်တောင်းခံလာပါကချထားပေးရန် အစီအစဉ်ရှိ/မရှိနဲ့စပ်လျဉ်းပြီး ဖြေကြားတင်ပြမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ကျောင်းဆောင်သစ်များဆောက်လုပ်ရာမှာ ပြည်သူ့ဘဏ္ဍာငွေများကို သုံးစွဲရပါတယ်။ ပြည်သူ့ဘဏ္ဍာငွေများဖြစ်သည်နှင့်အညီ မူလဘတ်ဂျက် ပြုစုတင်ပြရာမှာလည်း ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ တင်ပြတောင်းခံပြီး ခွင့်ပြုချက်ရရှိပါကလည်း ဆောက်လုပ်ရေးလုပ်ငန်းများကို ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ ဆောင်ရွက်ရပါကြောင်း ဦးစွာတင်ပြအပ်ပါတယ်။ ကျွန်တော်တို့ ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနမှရရှိတဲ့ တိုင်းဒေသကြီး/ပြည်နယ်များအတွင်းရှိ ငွေလုံးငွေရင်းတည်ဆောက်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများအားလုံးကို ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ လုပ်ငန်းများအပ်နှံပြီးဖြစ်ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာနမှတာဝန်ယူပြီး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ခွင့်ပြုပြီးဘတ်ဂျက်များကို ကျေးရွာကော်မတီများမှ ဆောက်လုပ်ခွင့်ရရှိလိုပါက သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ပညာရေးမှူးမှတစ်ဆင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ထံ သဘောထားမှတ်ချက်ပြုတင်ပြရန်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုချက်၊ သဘောထားမှတ်ချက်နှင့်အတူ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်နိုင်ပါကြောင်း ရိုသေစွာတင်ပါအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများဖြေကြားပြီးတဲ့ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။

**မူကြမ်း**

# ပြည်သူ့လွှတ်တော် လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ နှစ်ပတ်လည်အစီရင်ခံစာ တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီက အစီရင်ခံစာကို တင်ပြဖို့ ဖြစ်ပါတယ်။ လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးစိုးမြင့် (ခ) ဦးအောင်ဇော်မြင့်(အတွင်းရေးမှူး၊ လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များနှင့် ဧည့်သည်တော်များ ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်သူ့လွှတ်တော် လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီက အတွင်းရေးမှူးဖြစ်သူ အမရပူရမဲဆန္ဒနယ်မှ ဦးစိုးမြင့် (ခ) ဦးအောင်ဇော်မြင့် ဖြစ်ပါတယ်။ ကော်မတီရဲ့တာဝန်ပေးချက်အရ ပြည်သူ့လွှတ်တော် လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစီရင်ခံစာကို တင်သွင်းသွားမှာဖြစ်ပါတယ်။ အစီရင်ခံစာကို ကိုယ်စားလှယ်ကြီးများထံ ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် အကျဉ်းချုပ်တင်ပြခွင့်ပြုပါခင်ဗျား။

နိဒါန်းအနေနဲ့ ကော်မတီသည် ပြည်သူ့လွှတ်တော်၏ တာဝန်ခွဲဝေသတ်မှတ်ပေးချက်အရ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများကို လေ့လာသုံးသပ်ပြင်ဆင်ပယ်ဖျက်၊ အသစ်ပြဋ္ဌာန်းခြင်းများ နှစ်အလိုက် အမျိုးသားစီမံကိန်းနှင့် အရအသုံးမှန်းခြေငွေစာရင်းများကိုစိစစ်ပြီး နိုင်ငံအကျိုး၊ ပြည်သူ့အကျိုးအတွက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်များခင်ဗျား။ ရည်ရွယ်ချက်အနေနဲ့ ကော်မတီဝင်များသည် ပြည်သူများကို အကျိုးပြုမည့်မေးခွန်းနှင့် အဆိုများ မေးမြန်းဆောင်ရွက်ပေးခြင်း၊ ဥပဒေကြမ်းတင်သွင်းခြင်းများ ဆောင်ရွက်သွားရန် မိမိတို့တာဝန်ယူဆောင်ရွက်ရသော ဝန်ကြီးဌာနများ၏ အမျိုးသားစီမံကိန်းနှင့် ဘဏ္ဍာရေးကိစ္စများအား စိစစ်ဆောင်ရွက်သွားရန်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်တွင်း/ပြည်ပကျွမ်းကျင်ပညာရှင်အဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များနှင့်တိုင်ပင်ဆွေးနွေး၍ လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း

ကောင်း၊ ကော်မတီ၏ လုပ်ငန်းတာဝန်များ ပိုမိုတိုးတက်ကောင်းမွန်လာစေရေးအတွက်လည်းကောင်း ဆောင်ရွက်သွားရန် ရည်ရွယ်ပါသည်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကော်မတီကို ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၃၁/၂၀၁၆)အရ အဖွဲ့ဝင် ၁၅ ဦးဖြင့် စတင်ဖွဲ့စည်းခဲ့ပြီး ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက် အမိန့်ကြော်ငြာစာအမှတ်(၁၄/၂၀၁၇)အရ ကော်မတီအဖွဲ့ဝင် ဗိုလ်မှူးကြီးမြဦး (တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်) အစား ဗိုလ်မှူးချုပ်ဝင်းကိုကို (တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)အား အစားထိုးလဲလှယ် ဖွဲ့စည်း၍လည်းကောင်း၊ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက် အမိန့်ကြော်ငြာစာအမှတ် (၁၅/၂၀၁၇) အရ ဦးအောင်စိုးမင်း(ရွာငံမဲဆန္ဒနယ်)နှင့် ဦးထွန်းဝင်း(ကျွန်းလှမဲဆန္ဒနယ်)တို့အား ကော်မတီအဖွဲ့ဝင် များအဖြစ် ထပ်မံထည့်သွင်းဖွဲ့စည်းခဲ့ပါတယ်။ ထပ်မံ၍ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက် စာအမှတ်(၁/၂၀၁၇)ဖြင့် ကြည်း(၂၆၂၃၉) ဗိုလ်မှူးကြီးမြဦးနှင့် ကြည်း(၂၆၂၇၇) ဒုတိယဗိုလ်မှူးကြီး မောင်ဘိုတို့ကို လေ့လာသူများအဖြစ် တာဝန်ပေးအပ်ခဲ့ပါသည်။

ကော်မတီအနေနဲ့ ပြည်ထောင်စုလွှတ်တော်က ဖွဲ့စည်းထားသည့် ရငွေသုံးငွေစိစစ်ရေး ပူးပေါင်းအဖွဲ့(၁၃)တွင် ကော်မတီဝင်ခုနစ်ဦးပါဝင်ခဲ့ပြီး လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံးမှန်းခြေငွေစာရင်းပြင်ဆင်ချက် ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ(မူကြမ်း)နှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် နိုင်ငံတော်၏ အမျိုးသားစီမံကိန်းဥပဒေကြမ်း၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး ဆိုင်ရာဥပဒေ(မူကြမ်း)နှင့် နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းများ၌ ပါဝင်သည့် အမျိုးသားစီမံကိန်းနှင့် ဘဏ္ဍာရေးအရအသုံးဆိုင်ရာကိစ္စရပ်များကို စိစစ်ခဲ့ရပါတယ်။

လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များ၏ တင်သွင်းခဲ့သော အဆိုနှင့်မေးခွန်းများကို အစီရင်ခံစာ၏ စာမျက်နှာ(၄)တွင် ဇယားဖြင့် ဖော်ပြထားပါတယ်။

ကော်မတီအနေနဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရေးရာဆောင် အိုင်(၈)တွင် ကော်မတီဝင် များနှင့် (၁၇)ကြိမ်၊ ဝန်ကြီးဌာနများနှင့်(၃)ကြိမ် ဆွေးနွေးခဲ့ပါတယ်။ ပြည်တွင်းအဖွဲ့အစည်းများနှင့် (၆)ကြိမ်၊ ပြည်ပအဖွဲ့အစည်းများနှင့် (၅)ကြိမ် တွေ့ဆုံခဲ့ပါတယ်။ အသေးစိတ်ကို အစီရင်ခံစာတွင်

ဖော်ပြထားပါတယ်။ ကော်မတီသို့ တိုင်ကြားစာ(၃၉)စောင်ရရှိသည့်အနက် ဆက်လက်ဆောင်ရွက်ရန် သက်ဆိုင်ရာလျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသို့ တိုင်ကြားစာ(၁၉)စောင်ပေးပို့ခဲ့ပြီး ကော်မတီအနေနှင့် ဆောင်ရွက်ရန်မလိုသော တိုင်ကြားစာ(၂၀)ကို ဖိုင်တွဲ၍ သိမ်းဆည်းထားပါတယ်။ ဆောင်ရွက်ရန်မလိုသော တိုင်ကြားစာများမှာ ကော်မတီအား အသိပေးသော မိတ္တူများဖြစ်ပါတယ်။

ပြည်တွင်းခရီးစဉ်များအနေဖြင့် ကော်မတီဥက္ကဋ္ဌ ဦးကြည်မိုးနိုင် ခေါင်းဆောင်သော အဖွဲ့ဝင် (၁၂)ဦးသည် Aggreeko Co.,Ltd ၏ မြင်းခြံမြို့ရှိ 95 MW စီမံကိန်းသို့ ၂၀-၈-၂၀၁၆ ရက်နေ့တွင် သွားရောက်လေ့လာခြင်း၊ ကော်မတီဥက္ကဋ္ဌ ဦးကြည်မိုးနိုင် ခေါင်းဆောင်သော အဖွဲ့ဝင်(၆)ဦးသည် ၃-၁-၂၀၁၇ ရက်နေ့တွင် အထက်ပေါင်းလောင်း၊ အောက်ပေါင်းလောင်းနှင့် နန်ချိုရေအားလျှပ်စစ် စီမံကိန်းစက်ရုံများသို့ သွားရောက်လေ့လာခြင်းများ ပြုလုပ်ခဲ့ပါတယ်။

ပြည်ပခရီးစဉ်များအနေနဲ့ ကော်မတီဝင်ဖြစ်သော ဦးလှထွန်းအောင်(မလှိုင်မဲဆန္ဒနယ်)သည် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် ကိုရီးယားနိုင်ငံသို့ သွားရောက်ခြင်း၊ ကော်မတီဥက္ကဋ္ဌ ဦးကြည်မိုးနိုင် ခေါင်းဆောင်၍ ဦးစိုးမြင့်(ခ) ဦးအောင်ဇော်မြင့်၊ ဦးမြင့်ဟန်ထွန်း၊ ဦးမြင့်ဦး၊ ဦးနေမျိုးထက်၊ ဗိုလ်မှူးကြီးမြဦး တို့ပါဝင်သောအဖွဲ့သည် လာအိုနိုင်ငံရှိ ရေအားလျှပ်စစ်စီမံကိန်းများအား သွားရောက်လေ့လာခြင်းတို့ ဖြစ်ပါတယ်။ ၎င်းကို စာမျက်နှာ(၇) တွင် ဇယားဖြင့် ဖော်ပြထားပါတယ်။ ကော်မတီ၏ စိစစ်ရန်သတ်မှတ်ထားသောဥပဒေခုနစ်ခုကို အစီရင်ခံစာ၏ စာမျက်နှာ(၇)တွင် ဖော်ပြထားပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ နိဂုံးချုပ်အနေနဲ့ ကော်မတီသည် လွှတ်တော်ကြီး၏လုပ်ငန်းတာဝန်များကိုခွဲဝေပြီး လုပ်ဆောင်ရသော လွှတ်တော်အသေးစားဖြစ်ပါတယ်။ မိမိတို့သည် ဥပဒေပြုသည့်အဖွဲ့အစည်းဖြစ်သည့်အတွက် အချုပ်အခြာအာဏာ ခက်မသုံးဖြာထဲမှ ဆင်းသက်လာသည့် ဥပဒေပြုရေးအာဏာအား ကျင့်သုံးသည့် Law Maker များ ဖြစ်ပါတယ်။ ကော်မတီနှင့်ပတ်သက်သော လုပ်ငန်းများကို နိုင်ငံနှင့် နိုင်ငံသားများ အတွက် လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း တင်ပြအစီရင်ခံအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

**ပြည်သူ့လွှတ်တော်**

**မှုကြမ်း**

# လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏

# တစ်နှစ်တာကာလအတွင်းလုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာ

## နိဒါန်း

၁။ ကော်မတီသည် ပြည်သူ့လွှတ်တော်၏ တာဝန်ခွဲဝေသတ်မှတ်ချက်အရ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများကို လေ့လာသုံးသပ်ပြီး ပြင်ဆင်၊ ပယ်ဖျက်၊ အသစ်ပြဋ္ဌာန်းခြင်းများ၊ နှစ်အလိုက် အမျိုးသား စီမံကိန်းနှင့်ရသုံးမှန်းခြေငွေစာရင်းများကိုစိစစ်ပြီး နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးအတွက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## ရည်ရွယ်ချက်

၂။ ကော်မတီဝင်များသည် ပြည်သူများကို အကျိုးပြုမည့်မေးခွန်းနှင့် အဆိုများ မေးမြန်းဆောင်ရွက်ပေးခြင်း၊ ဥပဒေကြမ်းများတင်သွင်းခြင်းများ ဆောင်ရွက်သွားရန် မိမိတာဝန်ယူဆောင်ရွက်ရသော ဝန်ကြီးဌာနများ၏ အမျိုးသားစီမံကိန်းနှင့် ဘဏ္ဍာရေးကိစ္စရပ်များအား စိစစ်ဆောင်ရွက်သွားရန်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်တွင်းပြည်ပမှ ကျွမ်းကျင်သူပညာရှင်များ၊ အဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များနှင့် တိုင်ပင်ဆွေးနွေး၍ လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်းကောင်း၊ ကော်မတီ၏လုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်လာရေးအတွက် ဆောင်ရွက်သွားရန် ရည်ရွယ်ပါသည်။

## ကော်မတီဖွဲ့စည်းခြင်း

၃။ ပြည်သူ့လွှတ်တော်၊ လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၇၊ ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၀၆ နှင့် ပြည်သူ့လွှတ်တော်အစည်းအဝေးဆုံးဖြတ်ချက်အရ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်တွင် အမိန့်ကြော်ငြာစာအမှတ်(၃၁/၂၀၁၆)၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၁၅)ဦးဖြင့် စတင်ဖွဲ့စည်းခဲ့ပါသည်။

၄။ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက် အမိန့်ကြော်ငြာစာအမှတ်(၁၄/၂၀၁၇)အရ ကော်မတီအဖွဲ့ဝင် ဗိုလ်မှူးကြီးမြဦး (တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်) နေရာတွင် ဗိုလ်မှူးချုပ်ဝင်းကိုကို (တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်) အား အစားထိုးလဲလှယ်ဖွဲ့စည်း၍

**မူကြမ်း**

၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက် အမိန့်ကြော်ငြာစာအမှတ် (၁၅/၂၀၁၇)အရ ဦးအောင်စိုးမင်း (ရွှာငံမဲဆန္ဒနယ်)နှင့် ဦးထွန်းဝင်း(ကျွန်းလှမဲဆန္ဒနယ်)တို့အား ကော်မတီအဖွဲ့ဝင်များအဖြစ် ထပ်မံထည့်သွင်းဖွဲ့စည်းခဲ့ပါသည်။

| **စဉ်** | **အမည်** | **မဲဆန္ဒနယ်** | **ပါတီ** | **တာဝန်** |
|---|---|---|---|---|
| (၁) | ဦးကြည်မိုးနိုင် | ရေတာရှည် | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် | ဥက္ကဋ္ဌ |
| (၂) | ဦးသာအောင် | မြို့သစ် | ॥ | အဖွဲ့ဝင် |
| (၃) | ဦးဌေးဝင်း | တာချီလိတ် | ॥ | အဖွဲ့ဝင် |
| (၄) | ဦးအေးဝင်း | အင်္ဂပူ | ॥ | အဖွဲ့ဝင် |
| (၅) | ဒေါက်တာဦးဇော်ဝင်းမြင့် | စဉ့်ကူး | ॥ | အဖွဲ့ဝင် |
| (၆) | ဦးမြင့်ဟန်ထွန်း | ဘုတလင် | ॥ | အဖွဲ့ဝင် |
| (၇) | ဦးသန်းထွန်းမြင့် | ကလေးဝ | ॥ | အဖွဲ့ဝင် |
| (၈) | ဦးမြင့်ဦး | မကွေး | ॥ | အဖွဲ့ဝင် |
| (၉) | ဦးလီကျိန်းဖူ(ခ) ဦးမြင့်ဆွေ | ကုန်းကြမ်း | ပြည်ခိုင်ဖြိုး | အဖွဲ့ဝင် |
| (၁၀) | ဦးဉာဏ်ဟိန်း | သံဖြူဇရပ် | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် | အဖွဲ့ဝင် |
| (၁၁) | ဦးနေမျိုးထက် | ကျောက်တံတား | ॥ | အဖွဲ့ဝင် |
| (၁၂) | ဦးလှထွန်းအောင် | မလှိုင် | ॥ | အဖွဲ့ဝင် |
| (၁၃) | ဦးဇော်မင်း | အုတ်ဖို | ॥ | အဖွဲ့ဝင် |
| (၁၄) | ဗိုလ်မှူးချုပ်ဝင်းကိုကို | တပ်မတော်သားကိုယ်စားလှယ် | | အဖွဲ့ဝင် |
| (၁၅) | ဦးအောင်စိုးမင်း | ရွှာငံ | အမျိုးသားဒီမိုကရေစီ | အဖွဲ့ဝင် |

မူကြမ်း

အဖွဲ့ချုပ်

| | | | |
|---|---|---|---|
| (၁၆) ဦးထွန်းဝင်း | ကျွန်းလှ | ။ | အဖွဲ့ဝင် |
| (၁၇) ဦးစိုးမြင့်(ခ) ဦးအောင်ဇော်မြင့် | အမရပူရ | ။ | အတွင်းရေးမှူး |

၅။ ပြည်ထောင်စုလွှတ်တော်က ဖွဲ့စည်းထားသည့် ရငွေသုံးငွေများစိစစ်ရေးပူးပေါင်း အဖွဲ့(၁၃) တွင်ပါဝင်သည့် ကော်မတီဝင်များသည် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏အရအသုံးခန့်မှန်းခြေငွေစာရင်း ပြင်ဆင်ချက်၊ ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ(မူကြမ်း)နှင့် ၂၀၁၇-၂၀၁၈ ခု ဘဏ္ဍာရေးနှစ် နိုင်ငံတော်၏ အမျိုးသားစီမံကိန်းဥပဒေကြမ်း၊ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံး ဆိုင်ရာ ဥပဒေကြမ်းနှင့် နောက်ထပ်ဘဏ္ဍာငွေခွဲဝေ သုံးစွဲရေးဥပဒေကြမ်းများ၌ ပါဝင်သည့် အမျိုးသား စီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာကိစ္စရပ်များကို စိစစ်ရပါသည် -

**ရငွေသုံးငွေများစိစစ်ရေးပူးပေါင်းအဖွဲ့(၁၃)တွင်ပါဝင်သည့်ကော်မတီဝင်များ**

| စဉ် | အမည် | မဲဆန္ဒနယ် | တာဝန် |
|---|---|---|---|
| (၁) | ဦးကြည်မိုးနိုင် | ရေတာရှည် | ဒုတိယဥက္ကဋ္ဌ |

| | | | |
|---|---|---|---|
| (၂) | ဦးစိုးမြင့်(ခ)ဦးအောင်ဇော်မြင့် | အမရပူရ | အဖွဲ့ဝင် |
| (၃) | ဒေါက်တာဦးဇော်ဝင်းမြင့် | စဉ့်ကူး | အဖွဲ့ဝင် |
| (၄) | ဦးသန်းထွန်းမြင့် | ကလေးဝ | အဖွဲ့ဝင် |
| (၅) | ဦးမြင့်ဦး | မကွေး | အဖွဲ့ဝင် |
| (၆) | ဗိုလ်မှူးကြီးမြဦး | တပ်မတော်သား ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (၇) | ဦးနေမျိုးထက် | ကျောက်တံတား | တွဲဖက်အတွင်းရေးမှူး |

**လေ့လာသူ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ**

၆။ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက် အမိန့်အမှတ် (၁/၂၀၁၇)ဖြင့် ကော်မတီတွင် အောက်ဖော်ပြပါ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအား လေ့လာသူများ အဖြစ် တာဝန်ပေးအပ်ခဲ့ပါသည် -

(က) ကြည်း ၂၆၂၃၉ ဗိုလ်မှူးကြီးမြဦး

( ခ ) ကြည်း ၂၆၂၇၇ ဒုတိယဗိုလ်မှူးကြီးမောင်ဘို

**ဆောင်ရွက်ချက်**

၇။ လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အဖွဲ့ဝင်များအနေဖြင့် တင်သွင်းခဲ့ သော အဆိုနှင့် မေးခွန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

**မူကြမ်း**

| စဉ် | အမည် | မဲဆန္ဒနယ် | တင်သွင်းခဲ့သော | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | အဆို | အဆို ဆွေးနွေးခြင်း | မေးခွန်း | | |
| | | | | | ကြယ်ပွင့်ပြ | ကြယ်ပွင့်မပြ | |
| ၁။ | ဦးကြည်မိုးနိုင် | ရေတာရှည် | - | - | - | ၂ | |
| ၂။ | ဦးသာအောင် | မြို့သစ် | - | - | - | ၁ | |
| ၃။ | ဦးအေးဝင်း | အင်္ဂပူ | - | ၁ | - | - | |
| ၄။ | ဦးမြင့်ဟန်ထွန်း | ဘုတလင် | - | ၂ | - | ၅ | |
| ၅။ | ဦးသန်းထွန်းမြင့် | ကလေးဝ | - | ၁ | - | ၁ | |
| ၆။ | ဦးမြင့်ဦး | မကွေး | - | ၂ | - | ၁ | |
| ၇။ | ဦးဉာဏ်ဟိန်း | သံဖြူဇရပ် | - | ၁ | ၃ | - | |
| ၈။ | ဦးနေမျိုးထက် | ကျောက်တံတား | - | ၅ | ၄ | ၆ | |
| ၉။ | ဦးဇော်မင်း | အုတ်ဖို | - | | - | ၉ | |
| ၁၀။ | ဦးအောင်စိုးမင်း | ရွာငံ | - | ၂ | ၁ | ၃၂ | |
| ၁၁။ | ဦးထွန်းဝင်း | ကျွန်းလှ | - | - | - | ၁ | |
| ၁၂။ | ဦးစိုးမြင့်(ခ) ဦးအောင်ဇော်မြင့် | အမရပူရ | - | ၃ | ၁ | - | |
| | | **စုစုပေါင်း** | | **၁၇** | **၉** | **၅၈** | |

ကော်မတီအနေဖြင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရေးရာဆောင် အိုင်(၈)တွင် ကော်မတီအဖွဲ့ဝင်များနှင့် (၂၀)ကြိမ်၊ ဝန်ကြီးဌာနများနှင့် (၃)ကြိမ်ပြုလုပ်ခဲ့ရာ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။

**မူကြမ်း**

ပြည်တွင်းအဖွဲ့အစည်းနှင့် (၆)ကြိမ် တွေ့ဆုံခဲ့ပါသည်။ ၂၃-၅-၂၀၁၆ ရက်နေ့တွင် Yangon Transformer and Electrical Co.,Ltd နှင့်လည်းကောင်း၊ ၂၅-၅-၂၀၁၆ ရက်နေ့တွင် Thinkhaypa Energy Service နှင့်လည်းကောင်း၊ ၃၁-၅-၂၀၁၆ ရက်နေ့ နှင့် ၂၇-၇-၂၀၁၆ ရက်နေ့များတွင် Ayeyarhinthar Co.,Ltd နှင့်လည်းကောင်း၊ ၂၈-၇-၂၀၁၆ ရက်နေ့တွင် MOGSS Myanmar Oil and Gas Society အဖွဲ့နှင့်လည်းကောင်း၊ ၁၅-၂-၂၀၁၇ ရက်နေ့တွင် MLE Company Limited နှင့်လည်းကောင်း တွေ့ဆုံဆွေးနွေးခဲ့ကြ ပါသည်။

ပြည်ပအဖွဲ့အစည်းများနှင့် (၅)ကြိမ် တွေ့ဆုံခဲ့ပါသည်။ ၁၆-၃-၂၀၁၆ ရက်နေ့နှင့် ၁၆-၅-၂၀၁၆ ရက်နေ့များတွင် The World Bank အဖွဲ့နှင့်လည်းကောင်း၊ ၁၂-၅-၂၀၁၆ ရက်နေ့တွင် Aggreko Co.,Ltd နှင့် လည်းကောင်း၊ ၄-၈-၂၀၁၆ ရက်နေ့တွင် Marubeni Corporation အဖွဲ့နှင့်လည်းကောင်း၊ ၃၀-၁၁-၂၀၁၆ ရက်နေ့တွင် Sarawak Energy အဖွဲ့ နှင့်လည်းကောင်း တွေ့ဆုံဆွေးနွေးခဲ့ကြပါသည်။

ကော်မတီသို့ တိုင်ကြားစာ စောင်ရေ(၄၂) ပေးပို့လာပါသည်။ အဆိုပါ တိုင်ကြားစာများနှင့် ပတ်သက်၍ ဆက်လက်ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနဖြစ်သော လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာနသို့ တိုင်ကြားစာစောင်ရေ(၂၀) ပေးပို့ထားပါသည်။ ကော်မတီအနေဖြင့် ဆောင်ရွက်ရန် မလိုသော တိုင်ကြားစာ စောင်ရေ(၂၂)ကို ဖိုင်တွဲ၍ သိမ်းဆည်းထားပါသည်။

ပြည်တွင်းလေ့လာရေးခရီးစဉ်အနေဖြင့် -

**Aggreko Co.,Ltd ၏ မြင်းခြံမြို့ရှိ 95 MW စီမံကိန်းသို့သွားရောက်လေ့လာခြင်း**

**မှုကြမ်း**

| စဉ် | အမည် | တာဝန် | သွားရောက်ခဲ့သည့်ကာလ |
|---|---|---|---|
| ၁။ | ဦးကြည်မိုးနိုင် | အဖွဲ့ခေါင်းဆောင် | ၂၀-၈-၂၀၁၆ |
| ၂။ | ဦးစိုးမြင့်(ခ) ဦးအောင်ဇော်မြင့် | အဖွဲ့ဝင် | ။ |
| ၃။ | ဦးမြင့်ဟန်ထွန်း | ။ | ။ |
| ၄။ | ဦးမြင့်ဦး | ။ | ။ |
| ၅။ | ဦးနေမျိုးထက် | ။ | ။ |
| ၆။ | ဦးလှထွန်းအောင် | ။ | ။ |
| ၇။ | ဦးဌေးဝင်း | ။ | ။ |
| ၈။ | ဦးသန်းထွန်းမြင့် | ။ | ။ |
| ၉။ | ဦးဇော်မင်း | ။ | ။ |
| ၁၀။ | ဦးဉာဏ်ဟိန်း | ။ | ။ |
| ၁၁။ | ဦးသာအောင် | ။ | ။ |
| ၁၂။ | ဦးအေးဝင်း | ။ | ။ |

**အထက်ပေါင်းလောင်း၊ အောက်ပေါင်းလောင်းနှင့် နန်ချိုရေးအားလျှပ်စစ်စီမံကိန်း စက်ရုံများသို့ သွားရောက်လေ့လာခြင်း**

**မူကြမ်း**

| အမည် | တာဝန် | သွားရောက်ခဲ့သည့်ကာလ |
|---|---|---|
| ဦးကြည်မိုးနိုင် | အဖွဲ့ခေါင်းဆောင် | ၃-၁-၂၀၁၇ |
| ဦးစိုးမြင့်(ခ)ဦးအောင်ဇော်မြင့် | အဖွဲ့ဝင် | ။ |
| ဦးနေမျိုးထက် | ။ | ။ |
| ဦးမြင့်ဦး | ။ | ။ |
| ဗိုလ်မှူးကြီးမြဦး | ။ | ။ |
| ဦးမြင့်ဟန်ထွန်း | ။ | ။ |

ပြည်ပခရီးစဉ်သွားရောက်ခဲ့မှုအား အောက်ပါအတိုင်း တင်ပြအပ်ပါသည်-

| စဉ် | အမည် | တာဝန် | နိုင်ငံ | ကာလ | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | | မှ | ထိ | |
| ၁။ | ဦးကြည်မိုးနိုင် | အဖွဲ့ခေါင်းဆောင် | လာအို | ၁၈-၁-၂၀၁၇ | ၂၀-၁-၂၀၁၇ | |
| ၂။ | ဦးစိုးမြင့်(ခ)<br>ဦးအောင်ဇော်မြင့် | အဖွဲ့ဝင် | ။ | ။ | ။ | |
| ၃။ | ဦးမြင့်ဟန်ထွန်း | ။ | ။ | ။ | ။ | |
| ၄။ | ဦးမြင့်ဦး | ။ | ။ | ။ | ။ | |
| ၅။ | ဦးနေမျိုးထက် | ။ | ။ | ။ | ။ | |
| ၆။ | ဗိုလ်မှူးကြီးမြဦး | ။ | ။ | ။ | ။ | |
| ၇။ | ဦးလှထွန်းအောင် | အဖွဲ့ဝင် | ကိုရီးယား | ၂၆-၁၀-၂၀၁၆ | ၃၁-၁၀-၂၀၁၆ | |

**ကော်မတီက တာဝန်ယူထားသော ဝန်ကြီးဌာန**

၈။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

**မူကြမ်း**

**သက်ဆိုင်သောဥပဒေများ**

၉။ ကော်မတီက စိစစ်ရန်သတ်မှတ်ပေးထားသည့် ဥပဒေ (၇) ခုရှိပါသည် -

(က) **ပြဋ္ဌာန်းပြီးဥပဒေ**

(၁) The Oilfields Act (Myanmar Act 1, 1918, Vol.V)

(၂) The Petroleum Act (India Act 30, 1934, Vol.V)

(၃) ၁၉၅၇ ခုနှစ်၊ ရေနံဓါတ်သတ္တုပင်ရင်းအခြေအမြစ်များ (တိုးတက်ဖြစ်ထွန်းမှု စည်းမျဉ်းကန့်သတ်မှု) အက်ဥပဒေ (ဥပဒေအမှတ် ၅၅/၁၉၅၇)

(၄) အနုမြူစွမ်းအင်ဥပဒေ (နယကဥပဒေအမှတ် ၈/၁၉၉၈)

(၅) ရန်ကုန်မြို့တော်လျှပ်စစ်ဓါတ်အားပေးရေးအဖွဲ့ဥပဒေ (နယကဥပဒေအမှတ် ၆/၂၀၀၅)

(၆) လျှပ်စစ်ဥပဒေ (ပထစဥပဒေအမှတ် ၄၄/၂၀၁၄)

(ခ) **ရုပ်သိမ်းသင့်သောဥပဒေ**

(၁) The Water Power Act (Myanmar Act 11, 1927, Vol.V)

**နိဂုံး**

၁၀။ ကော်မတီများသည် လွှတ်တော်အကြီး၏ လုပ်ငန်းတာဝန်များကို ခွဲဝေပြီး လုပ် ဆောင်ရသည့် လွှတ်တော်အသေးစားများ ဖြစ်ပါသည်။ မိမိတို့သည် ဥပဒေပြုသည့် အဖွဲ့ အစည်းများဖြစ်သည့်အတွက် အချုပ်အခြာအာဏာ ခက်မသုံးဖြာထဲမှ ဆင်းသက်လာသည့် ဥပဒေပြုအာဏာအား ကျင့်သုံးသည့် Law Maker များဖြစ်ပါသည်။ ကော်မတီနှင့် ပတ်သက် သောလုပ်ငန်းများကို နိုင်ငံနှင့်နိုင်ငံသားများအတွက် လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း တင်ပြအစီရင်ခံအပ်ပါသည်။

**အစီရင်ခံစာအတည်ပြုခြင်း**

**မူကြမ်း**

အထက်ပါအစီရင်ခံစာအား ပြည်သူ့လွှတ်တော်၊ လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအနေဖြင့် အတည်ပြုပါကြောင်း အောက်တွင် လက်မှတ်ရေးထိုးပါသည်-

| **စဉ်** | **အမည်** | **မဲဆန္ဒနယ်** | **တာဝန်** | **လက်မှတ်** |
|---|---|---|---|---|
| ၁။ | ဦးကြည်မိုးနိုင် | ရေတာရှည် | ဥက္ကဋ္ဌ | __________ |
| ၂။ | ဦးသာအောင် | မြို့သစ် | အဖွဲ့ဝင် | __________ |
| ၃။ | ဦးဋ္ဌေးဝင်း | တာချီလိတ် | အဖွဲ့ဝင် | __________ |
| ၄။ | ဦးအေးဝင်း | အင်္ဂပူ | အဖွဲ့ဝင် | __________ |
| ၅။ | ဒေါက်တာဦးဇော်ဝင်းမြင့် | စဉ့်ကူး | အဖွဲ့ဝင် | __________ |
| ၆။ | ဦးမြင့်ဟန်ထွန်း | ဘုတလင် | အဖွဲ့ဝင် | __________ |
| ၇။ | ဦးသန်းထွန်းမြင့် | ကလေးဝ | အဖွဲ့ဝင် | __________ |
| ၈။ | ဦးမြင့်ဦး | မကွေး | အဖွဲ့ဝင် | __________ |
| ၉။ | ဦးလီကျိန်းဖူ(ခ)ဦးမြင့်ဆွေ | ကုန်းကြမ်း | အဖွဲ့ဝင် | __________ |
| ၁၀။ | ဦးဉာဏ်ဟိန်း | သံဖြူဇရပ် | အဖွဲ့ဝင် | __________ |
| ၁၁။ | ဦးနေမျိုးထက် | ကျောက်တံတား | အဖွဲ့ဝင် | __________ |
| ၁၂။ | ဦးလှထွန်းအောင် | မလှိုင် | အဖွဲ့ဝင် | __________ |
| ၁၃။ | ဦးဇော်မင်း | အုတ်ဖို | အဖွဲ့ဝင် | __________ |
| ၁၄။ | ဗိုလ်မှူးချုပ်ဝင်းကိုကို | တပ်မတော်သား | အဖွဲ့ဝင် | __________ |
| ၁၅။ | ဦးအောင်စိုးမင်း | ရွာငံ | အဖွဲ့ဝင် | __________ |
| ၁၆။ | ဦးထွန်းဝင်း | ကျွန်းလှ | အဖွဲ့ဝင် | __________ |
| ၁၇။ | ဦးစိုးမြင့်(ခ)ဦးအောင်ဇော်မြင့် | အမရပူရ | အတွင်းရေးမှူး | __________ |
| ၁၈။ | ဗိုလ်မှူးကြီးမြဦး | တပ်မတော်သား | လေ့လာသူ | __________ |

**မူကြမ်း**

၁၉။ ဒုတိယဗိုလ်မှူးကြီးမောင်ဘို တပ်မတော်သား လေ့လာသူ __________

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏အစီရင်ခံစာ နှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များအမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ အစီရင်ခံစာနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုတဲ့လွှတ်တော် ကိုယ်စားလှယ်များရှိပါက ၁၀-၇-၂၀၁၇ ရက်နေ့ (တနင်္လာနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေး ကြေညာပါတယ်။

## ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ၏ နှစ်ပတ်လည်အစီရင်ခံစာတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုကော်မတီက အစီရင်ခံစာကို တင်ပြဖို့ဖြစ်ပါတယ်။ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးတင်စိုး(အတွင်းရေးမှူး၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာကြတဲ့ ဧည့်ပရိတ်သတ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်သူ့ ရေးရာစီမံခန့်ခွဲမှုကော်မတီရဲ့ နှစ်ပတ်လည်အစီရင်ခံစာကို တင်ပြဖတ်ကြားမယ့် ကချင်ပြည်နယ်၊ ဖားကန့်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီရဲ့ အတွင်းရေးမှူး ဦးတင်စိုး ဖြစ်ပါတယ်။ အစီရင်ခံစာမိတ္တူကို လွှတ်တော်ကိုယ်စားလှယ်ကြီးများထံမှာ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက်ကြောင့်မို့လို့ အချိန်ကိုငဲ့ညှာသောအားဖြင့် ဆောင်ရွက်ချက် တချို့ကိုပဲ ရွေးချယ်တင်ပြသွားမှာဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဟာ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၂၇၊ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၀၆ နှင့် ပြည်သူ့လွှတ်တော် အစည်းအဝေးဆုံးဖြတ်ချက်တို့အရ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၅ ဦးဖြင့် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီကို ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် ပြည်သူ့လွှတ်တော်ရုံး၏ အမိန့်ကြေညာစာအမှတ်(၃၃/၂၀၁၆)ဖြင့်

ဖွဲ့စည်းပေးခဲ့ပါတယ်။ စတင်ဖွဲ့စည်းစဉ်က ကိုယ်စားလှယ် ၁၅ ဦးဖြင့်သာ ဖွဲ့စည်းခဲ့ပေမဲ့လည်း အမိန့်ကြော်ငြာစာအမှတ် (၃၉/၂၀၁၆)၊ (၁၄/၂၀၁၇)၊ (၁၅/၂၀၁၇)တို့ဖြင့် ကော်မတီအဖွဲ့ဝင်များကို ပြည်သူ့လွှတ်တော်က လေးကြိမ်ပြင်ဆင်ဖွဲ့စည်းပေးခဲ့ပြီး ယခုလက်ရှိ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီမှာ တာဝန်ထမ်းဆောင်လျက်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၈ ဦးနဲ့ လေ့လာသူ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး စုစုပေါင်း ၂၀ ဦးနဲ့ ဖွဲ့စည်းထားပါတယ်။ ကော်မတီရဲ့ ဆောင်ရွက်ချက်များအနေနဲ့ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီသို့ ပေးပို့လာတဲ့တိုင်ကြားစာများ လိုအပ်သလို အရေးယူဆောင်ရွက်ခြင်း၊ လက်ရှိကျင့်သုံးလျက်ရှိတဲ့ ဥပဒေများအား ပြင်ဆင်ခြင်း၊ အသစ်ရေးဆွဲရေး၊ ရုပ်သိမ်းခြင်း စတဲ့လုပ်ငန်းတာဝန်များကို ထိရောက်မြန်ဆန်စွာဆောင်ရွက်နိုင်ရန် ကော်မတီမှာ အပတ်စဉ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးများဖြင့် ကော်မတီဝင်များမှ အစုအဖွဲ့အလိုက် တာဝန်ခွဲဝေ၍ နေ့စဉ်တိုင်ကြားစာများအား ဖတ်ရှုလေ့လာခြင်းများကို ဆောင်ရွက်လျက်ရှိပါတယ်။

ကော်မတီကို ဖွဲ့စည်းထားရခြင်းရဲ့ရည်ရွယ်ချက်ကတော့ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီဟာ နိုင်ငံတော်နှင့် နိုင်ငံသားများရဲ့အရေးကိစ္စများကို ထိထိရောက်ရောက်လျင်မြန်စွာဆောင်ရွက်ပေးနိုင်ရန် ဖြစ်ပါတယ်။ ကျွန်တော်တို့ ကော်မတီအနေနဲ့ တိုင်ကြားစာများဆောင်ရွက်ထားမှု အခြေအနေကို တင်ပြချင်ပါတယ်။ ကော်မတီကနေပြီးမှ ကော်မတီကိုရောက်ရှိလာတဲ့ ဒေသအသီးသီးက ပြည်သူ့ရေးရာကိစ္စနှင့်စပ်လျဉ်း၍ ပြည်သူလူထုမှ အကူအညီတောင်းခံရောက်ရှိလာတဲ့တိုင်စာအမှုတွဲ စုစုပေါင်း ၂၃၀ ရှိပြီးတော့မှ စောင်ရေ ၁၂၂ စောင်ကို ဆက်လက်ပေးပို့ညှိနှိုင်းဆောင်ရွက်ခဲ့ပါတယ်။ သက်ဆိုင်ရာဌာနမှ ပြန်ကြားလာတဲ့ပြန်ကြားစာပေါင်း ၅၂ စောင်ကို တိုင်စာပေးပို့သူများထံ ပြန်ကြားပေးခဲ့ပြီးဖြစ်ပါတယ်။ တိုင်စာအမှုတွဲများအနက် မှတ်တမ်းအဖြစ် ၉၄ စောင်ကိုထားရှိပြီး ဆောင်ရွက်ရန်ကျန်ရှိတဲ့ အမှုတွဲ ၁၄ စောင်ကို အမြန်ဆုံးပြန်ကြားနိုင်ရေး ဆောင်ရွက်လျက်ရှိပါတယ်။

ဥပဒေများပြင်ဆင်ခြင်း၊ အသစ်ရေးဆွဲခြင်းနှင့် ရုပ်သိမ်းခြင်းနှင့်ပတ်သက်ပြီးတော့မှ ကျွန်တော်တို့ကော်မတီက အဓိကတာဝန်ယူဆောင်ရွက်လျက်ရှိတဲ့ ပြည်ထဲရေးဝန်ကြီးဌာနနှင့် သက်ဆိုင်တဲ့ဥပဒေ ၄၇ ခုထဲက အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ပြင်ဆင်ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်တဲ့ဥပဒေနဲ့ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေတို့ကို ပြင်ဆင်ရန် သော်လည်းကောင်း၊ သက်ကြီးရွယ်အိုဆိုင်ရာဥပဒေနှင့် တရားခံလွှဲပြောင်းရေးဆိုင်ရာဥပဒေတို့ကို အသစ်ရေးဆွဲရန်သော်လည်းကောင်း၊ ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေနှင့် ၁၉၇၅ ခုနှစ်၊

နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့်ဥပဒေ တို့ကို ရုပ်သိမ်းရန်သော်လည်းကောင်း ဥပဒေကြမ်းကော်မတီအစည်းအဝေးများကိုတက်ရောက်ပြီးမှ ပူးပေါင်းညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါတယ်။

ကော်မတီရဲ့ကြားနာမှုများနှင့်ပတ်သက်ပြီးတော့မှ ကော်မတီဟာစတင်ဖွဲ့စည်းတဲ့ ပထမပုံမှန် အစည်းအဝေးမှ စတုတ္ထပုံမှန်အစည်းအဝေးအထိ ကော်မတီတွင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေး ၁၉ ကြိမ်၊ ပြည်တွင်းပြည်ပဧည့်သည်များ လက်ခံတွေ့ဆုံဆွေးနွေးမှုခုနစ်ကြိမ်၊ လောင်းကစားဥပဒေကို ပြင်ဆင်သည့်ဥပဒေနှင့်စပ်လျဥ်း၍ သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းအစည်းအဝေးတစ်ကြိမ်၊ ဥပဒေ ၄၇ ခုနှင့်သက်ဆိုင်တဲ့ ပြည်ထဲရေးဝန်ကြီးဌာနနှင့် အစည်းအဝေးတစ်ကြိမ်၊ သက်ငယ်မုဒိမ်းနှင့် သက်ဆိုင်တဲ့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာနနှင့် အစည်းအဝေးတစ်ကြိမ်၊ စုစုပေါင်းအစည်းအဝေး ၂၉ ကြိမ် ပြုလုပ်ခဲ့ပါတယ်။ ဥပဒေကြမ်းကော်မတီ မှာလည်း ဥပဒေကြမ်းနှင့်စပ်လျဥ်းပြီးတော့ ကျင်းပပြုလုပ်တဲ့အစည်းအဝေးများကို ကော်မတီဝင်များ တက်ရောက်ခဲ့တဲ့အကြိမ်ပေါင်း စုစုပေါင်း ၂၉ ကြိမ်ရှိပါတယ်။ ကော်မတီဟာ လွှတ်တော်ဥက္ကဋ္ဌရဲ့ ခွင့်ပြုချက်နဲ့ ပြည်တွင်း၊ ပြည်ပ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် လက်ခံတွေ့ဆုံဆွေးနွေးမှု စုစုပေါင်း ခုနစ်ကြိမ် ပြုလုပ်ခဲ့ပါတယ်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် နိုင်ငံတော်အမျိုးသားစီမံကိန်းဥပဒေကြမ်း၊ ပြည်ထောင်စုရဲ့ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းနှင့် နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းများ၌ ပါဝင်တဲ့စီမံကိန်းလုပ်ငန်းများနှင့် ရသုံးငွေများ စိစစ်ရေးပူးပေါင်းအဖွဲ့ ၁၅ မှာ ကော်မတီဥက္ကဋ္ဌ ငါးဦး တို့ဟာ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ သာသနာရေးနှင့်ယဥ်ကျေးမှုဝန်ကြီးဌာနက တင်ပြလာတဲ့ ဘတ်ဂျက်များကို ကြားနာစိစစ်သုံးသပ်မှုများပြုလုပ်ခဲ့ပြီး တွေ့ရှိချက်များကို ပြည်ထောင်စုလွှတ်တော် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီသို့ ဆက်လက်ပေးပို့ခဲ့ပါတယ်။ လွှတ်တော်မှ ပေးအပ်တဲ့အခြားတာဝန်များအနေနဲ့ ကော်မတီဝင်များဟာ ပြည်သူ့လွှတ်တော်ရဲ့ တာဝန် ပေးချက်အရ ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင် ငါးဦးဟာ နိုင်ငံခြားခရီးစဥ်သွားရောက်ခဲ့ပါတယ်။ ကော်မတီ ဝင်များက ပြည်သူ့လွှတ်တော်ရဲ့ တာဝန်ပေးမှုအရ တက်ရောက်ခဲ့တဲ့ လွှတ်တော်ပြင်ပဆွေးနွေးပွဲများ အနေနဲ့ ကော်မတီဥက္ကဋ္ဌ ခုနစ်ကြိမ်၊ အတွင်းရေးမှူး ၁၁ ကြိမ်၊ ကော်မတီအဖွဲ့ဝင်များ စုစုပေါင်း ၅၈ ကြိမ် တက်ရောက်ခဲ့ပါတယ်။ ကော်မတီက အဓိက တာဝန်ယူစောင့်ကြည့်ထိန်းညှိရတဲ့ ဝန်ကြီးဌာန များနှင့်အဖွဲ့အစည်းများကတော့ ပြည်ထဲရေးဝန်ကြီးဌာန၊ သာသနာရေးနှင့်ယဥ်ကျေးမှုဝန်ကြီးဌာန၊

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် အဂတလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်တို့ဖြစ်ကြပါတယ်။ ကော်မတီက အဓိကတာဝန်ယူဆောင်ရွက်ရတဲ့ ဥပဒေတွေ ကတော့ ယခင်ကခွဲဝေသတ်မှတ်ထားတဲ့ ဥပဒေ စုစုပေါင်း ၇၉ ခုရှိတဲ့အနက် ကော်မတီနဲ့မသက်ဆိုင် တဲ့ ဥပဒေ ၁၂ ခုကို သက်ဆိုင်ရာကော်မတီများနှင့် ညှိနှိုင်းလွှဲပြောင်းပေးပို့ခဲ့ပြီး အခုမှာဆိုရင် ၆၈ ခုကို တာဝန်ယူဆောင်ရွက်နေရတာဖြစ်ပါတယ်။

သုံးသပ်ချက်အနေနဲ့ ကျွန်တော်တို့ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက တာဝန်ယူစိစစ်ရတဲ့ ဌာန၊ အဖွဲ့အစည်းများရဲ့ လက်ရှိကျင့်သုံးနေတဲ့ ဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များ၊ ဌာနရဲ့အစီရင်ခံစာများကို လေ့လာမှုများပြုလုပ်နိုင်ရန် အတွက် ဥပဒေများ ပြင်ဆင်၊ ပြဋ္ဌာန်းမယ်ဆိုပါက ကော်မတီရဲ့အကြံဉာဏ်များရယူခြင်းနှင့် ပူးပေါင်း ဆောင်ရွက်ခြင်းများ လုပ်ဆောင်သင့်ပါတယ်။ ဥပဒေများကို စိစစ်ရာတွင် ပိုမိုပြည့်စုံကောင်းမွန်ရန် အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများမှဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်များမှ ဖြစ်စေ၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုကော်မတီနဲ့ တိုက်ရိုက်သက်ဆိုင်တဲ့ ဥပဒေကြမ်းတင်သွင်းရာမှာ အဆိုပါဥပဒေကြမ်းကို စတင်ရေးဆွဲတဲ့အချိန်မှစပြီးတော့မှ ကော်မတီကို ညှိနှိုင်းအစည်းအဝေးများကိုတော့ ဖိတ်ကြားသင့်ပါ တယ်။

ကော်မတီသို့တိုင်ကြားလာတဲ့တိုင်ကြားစာများနဲ့ပတ်သက်ပြီးတော့မှ ကွင်းဆင်းစစ်ဆေးရန် လိုအပ်ပါက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌရဲ့ခွင့်ပြုချက်ကို ရယူပြီးတော့မှ ကွင်းဆင်းစစ်ဆေးကြားနာခြင်း ဖြင့် ပြည်သူများရဲ့ယုံကြည်အားကိုးမှုကို ပိုမိုရရှိနိုင်တဲ့အပြင် ပြည်သူများရဲ့အသံကို ဂရုပြုရာရောက် ပါတယ်။ နိဂုံးချုပ်အနေနဲ့ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီအနေနဲ့ တာဝန်ယူဆောင်ရွက်လျက်ရှိတဲ့ ဥပဒေများကို ခေတ်နှင့်လျော်ညီအောင် ပြင်ဆင်ခြင်းများနဲ့ ပြည်နယ် နှင့် တိုင်းဒေသကြီးအသီးသီးတို့မှ ပြည်သူတို့ရဲ့တိုင်ကြားစာများနဲ့ပတ်သက်ပြီး ပြည်သူများနစ်နာဆုံးရှုံးမှုမရှိစေရေးအတွက် သက်ဆိုင်ရာ ဌာနများသို့ ဆက်သွယ်ဆောင်ရွက်၍ ပြန်ကြားလာတဲ့စာများကို တိုင်ကြားသူပြည်သူများထံ ပေးပို့ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ပြည်သူ့လွှတ်တော်မှာပေးအပ်တဲ့ လုပ်ငန်းတာဝန်များနှင့်အညီ နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးအတွက် ဆတက်ထမ်းပိုးကြိုးပမ်း သယ်ပိုးဆောင်ရွက်သွားမှာ ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

[အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

**မူကြမ်း**

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးသို့ တင်သွင်းသည့် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ၏အစီရင်ခံစာ

## အစီရင်ခံစာအမှတ်စဉ်(၁/၂၀၁၇)

## (၂၆.၂.၂၀၁၆ ရက်နေ့မှ ၂၆.၂.၂၀၁၇) ရက်နေ့အထိ

### နိဒါန်း

၁။ ပြည်သူ့လွှတ်တော်သည် ၂၀၁၂ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၇၊ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၀၆ နှင့် ပြည်သူ့လွှတ်တော် အစည်းအဝေး ဆုံးဖြတ်ချက်တို့အရ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၁၅) ဦးဖြင့် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီကို ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် ပြည်သူ့လွှတ်တော်ရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၃၃/၂၀၁၆) ဖြင့် ဖွဲ့စည်းပေးခဲ့ပါသည်။

၂။ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီသည် ကော်မတီ စတင်ဖွဲ့စည်းသည့် ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့မှ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့အထိ တစ်နှစ်တာကာလအတွင်း ပြည်နယ်/တိုင်းဒေသကြီးအသီးသီးတို့မှ ပေးပို့လာသော တိုင်ကြားစာအမှုတွဲများနှင့် ပတ်သက်၍ ဆောင်ရွက်ချက်များ၊ ကော်မတီက လေ့လာစိစစ်ရမည့်ဥပဒေ ၆၈ ခုနှင့်ပတ်သက်၍ ပြင်ဆင်ရန်၊ ပယ်ဖျက်ရန်၊ အသစ်ပြဋ္ဌာန်းရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့သည့်အခြေအနေအပါအဝင် ကော်မတီလုပ်ငန်းဆောင်ရွက်ချက်များကို သိရှိနိုင်ရန် အစီရင်ခံစာ ပြုစုတင်ပြရခြင်းဖြစ်ပါသည်။

### ရည်ရွယ်ချက်

၃။ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီသည် နိုင်ငံတော်နှင့်နိုင်ငံသားများ၏ အရေးကိစ္စများကို ထိရောက်လျှင်မြန်စွာ ဆောင်ရွက်ပေးနိုင်ရန် ဖြစ်ပါသည်။

### ကော်မတီဖွဲ့စည်းခြင်း

၄။ ပြည်သူ့လွှတ်တော်သည် ၂၀၁၂ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၇၊ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၀၆ နှင့် ပြည်သူ့လွှတ်တော် အစည်းအဝေး ဆုံးဖြတ်ချက်တို့အရ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီကို ၂၀၁၆ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် ပြည်သူ့

လွှတ်တော်ရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၃၃/၂၀၁၆)ဖြင့် အောက်ဖော်ပြပါ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၁၅) ဦးကို စတင်ဖွဲ့စည်းပေးခဲ့ပါသည် -

**ကော်မတီဝင်များ**

| | | | |
|---|---|---|---|
| (က) | ဒေါက်တာဦးအောင်ထွန်းခိုင် (ခ) ဦးချိန်ဝင်း | ရေးမဲဆန္ဒနယ် | ဥက္ကဋ္ဌ |
| (ခ) | ဦးဌေးလွင် (ခ) ဦးဒီလုံး | နမ့်စန်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဂ) | ဦးအောင်ကျော်ဇံ | ပေါက်တောမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဃ) | ဦးဝင်းနိုင် | မိုးကောင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (င) | ဦးပေါလ်ဆိုင်း | ဒီးမော့ဆိုမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (စ) | ဒေါ်ဇင်မာအောင် | ရန်ကင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဆ) | ဒေါ်ချိုချိုဝင်း | မော်လိုက်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဇ) | ဒေါ်ခင်သန်းနု | မင်းတုန်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဈ) | ဒေါက်တာဦးလင်းလင်းကျော် | မြစ်သားမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ည) | ဦးမင်းသိန်း | ငါန်းဇွန်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဋ) | ဦးမင်းကြည် | သံတွဲမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဌ) | ဦးလွင်ကိုလတ် | သန်လျင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဍ) | ဒေါက်တာဦးထွန်းလင်းမော် | ကြံခင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဎ) | ဗိုလ်မှူးကြီးထွန်းသန်းအုန်း | တပ်မတော်သား ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဏ) | ဦးတင့်စိုး | ဖားကန့်မဲဆန္ဒနယ် | အတွင်းရေးမှူး |

**ကော်မတီဝင်ပြင်ဆင်ဖွဲ့စည်းခြင်း**

၅။ ၂၀၁၆ ခုနှစ်၊ မတ်လ ၇ ရက်နေ့တွင် ပြည်သူ့လွှတ်တော်ရုံး၏ အမိန့်ကြော်ငြာစာ အမှတ်၊ (၃၉/၂၀၁၆)ဖြင့် ကော်မတီအဖွဲ့ဝင် ဒေါ်ချိုချိုဝင်း (မော်လိုက်မဲဆန္ဒနယ်) (အစား) ဒေါက်တာဒေါ်ပြုံး (အင်းတော်မဲဆန္ဒနယ်)အား ထည့်သွင်း ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။

၆။ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် ပြည်သူ့လွှတ်တော်၏ အမိန့်ကြော်ငြာစာအမှတ်၊(၁၄/၂၀၁၇)ဖြင့် ကော်မတီအဖွဲ့ဝင် ဗိုလ်မှူးကြီးထွန်းသန်းအုန်း (တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်) (အစား) ဗိုလ်မှူးကြီးစိုးဝင်း (တပ်မတော်သား ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ်) အား အစားထိုးလဲလှယ်ဖွဲ့စည်းခဲ့ပါသည်။

**ကော်မတီအဖွဲ့ဝင်များထပ်မံထည့်သွင်းဖွဲ့စည်းခြင်း**

၇။ ပြည်သူ့လွှတ်တော်၏ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်နေ့ အမိန့်ကြော်ငြာစာအမှတ် (၁၅/၂၀၁၇)ဖြင့် အောက်ဖော်ပြပါ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(၃)ဦးအား ထည့်သွင်း ဖွဲ့စည်းပေးခဲ့ပါသည်-

| | | |
|---|---|---|
| (က) ဦးမင်းသိုင်း | ဘိုကလေးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ခ) ဦးဝင်းဆွေ | မော်လမြိုင်ကျွန်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဂ) ဦးအောင်သန်း | သဲကုန်းမဲဆန္ဒနယ် | အဖွဲ့ဝင် |

**တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို လေ့လာသူများအဖြစ် တာဝန်ပေးအပ်ခြင်း**

၈။ ပြည်သူ့လွှတ်တော်၏ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၅/၂၀၁၇)ဖြင့် အောက်ဖော်ပြပါ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၂)ဦးအား လေ့လာသူအဖြစ် တာဝန်ပေးခဲ့ပါသည်-

| | |
|---|---|
| (က) ကြည်း ၂၀၁၀၃ | ဗိုလ်မှူးကြီး ထွန်းသန်းအုန်း |
| (ခ) ကြည်း ၂၄၉၂၀ | ဒုတိယဗိုလ်မှူးကြီးကျော်ဇေယျ |

၉။ ယခုလက်ရှိ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**ကော်မတီဝင်များ**

| | | |
|---|---|---|
| (က) ဒေါက်တာဦးအောင်ထွန်းခိုင် (ခ) ဦးချိန်ဝင်း | ရေးမဲဆန္ဒနယ် | ဥက္ကဋ္ဌ |
| (ခ) ဦးဌေးလွင် (ခ) ဦးဒီလုံး | နမ့်စန်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဂ) ဦးအောင်ကျော်ဇံ | ပေါက်တောမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဃ) ဦးဝင်းနိုင် | မိုးကောင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (င) ဦးပေါလ်ဆိုင်း | ဒီးမော့ဆိုမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (စ) ဒေါ်ဇင်မာအောင် | ရန်ကင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဆ) ဒေါက်တာဒေါ်ပြုံး | အင်းတော်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဇ) ဒေါ်ခင်သန်းနု | မင်းတုန်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဈ) ဒေါက်တာဦးလင်းလင်းကျော် | မြစ်သားမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ည) ဦးမင်းသိန်း | ငါန်းဇွန်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဋ) ဦးမင်းကြည် | သံတွဲမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဌ) ဦးလွင်ကိုလတ် | သန်လျင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဍ) ဒေါက်တာဦးထွန်းလင်းမော် | ကြံခင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဎ) ဗိုလ်မှူးကြီးစိုးဝင်း | တပ်မတော်သား ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဏ) ဦးမင်းသိုင်း | ဘိုကလေးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (တ) ဦးဝင်းဆွေ | မော်လမြိုင်ကျွန်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ထ) ဦးအောင်သန်း | သဲကုန်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဒ) ဦးတင့်စိုး | ဖားကန့်မဲဆန္ဒနယ် | အတွင်းရေးမှူး |

**ကော်မတီ၏သက်တမ်း**

**မူကြမ်း**

၁၀။ ကော်မတီ၏သက်တမ်းသည် ကော်မတီစတင်ဖွဲ့စည်းသည့် နေ့မှစ၍ တစ်နှစ်ဖြစ်သည်။ သို့ရာတွင် ကော်မတီ၏လုပ်ငန်းတာဝန် ဆောင်ရွက်မှုအခြေအနေအရ တစ်နှစ်ပြည့်မြောက်သည့်အခါ လိုအပ်ပါက သက်တမ်းတိုးနိုင်သည်။

၁၁။ လွှတ်တော် ဥက္ကဋ္ဌသည် ကော်မတီ၏သက်တမ်းကာလအတွင်း လိုအပ်ပါက ကော်မတီဝင်များကို လဲလှယ်အစားထိုး တာဝန်ပေးအပ်နိုင်သည်။

၁၂။ ကော်မတီ၏ သက်တမ်းသည် ၂၆.၂.၂၀၁၇ ရက်နေ့တွင် (၁) နှစ်ပြည့်မြောက်ပြီး ဖြစ်သည့်အတွက် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေးတွင် ကော်မတီ၏သက်တမ်းကို တစ်နှစ်ထပ်မံတိုးမြှင့်ပေးခဲ့ပါသည်။

**ကော်မတီ၏တာဝန်များ**

၁၃။ ကော်မတီ၏ တာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) ပြည်သူ့ရေးရာစီမံခန့်ခွဲမှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကူညီဆောင်ရွက်ရမည်၊

(ခ) အမျိုးသမီးများ၊ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများ၏ ဘဝရှင်သန်ဖွံ့ဖြိုးတိုးတက်စေရေးကူညီဆောင်ရွက်ရမည်၊

(ဂ) နိုင်ငံ့ဝန်ထမ်းများ၏ လုပ်ငန်းခွင်အာမခံချက်ရရှိရေး၊ စားဝတ်နေမှုဖူလုံရေး၊ အငြိမ်းစားဝန်ထမ်းများစားဝတ်နေမှုသက်သာချောင်ချိရေးကူညီဆောင်ရွက်ရမည်၊

(ဃ) ဘာသာ၊ သာသနာရေးဆိုင်ရာကိစ္စရပ်များကိုကူညီဆောင်ရွက်ရမည်၊

(င) အမျိုးသားမှတ်ပုံတင်ရေးနှင့် လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းများကို ကြီးကြပ်ကူညီဆောင်ရွက်ရမည်၊

(စ) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသည့် ဥပဒေများကိုလေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်းရန်များတွေ့ရှိက လွှတ်တော်သို့တင်ပြရမည်၊

(ဆ) သက်ဆိုင်ရာဌာနအဖွဲ့အစည်းများမှ အခါအားလျော်စွာ ထုတ်ပြန်သည့်နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်း

များသည် တည်ဆဲဥပဒေများနှင့်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းလိုက်သည့် ဥပဒေများနှင့်လည်းကောင်း ညီညွတ်ဆီလျော်အောင် ဆောင်ရွက်စေပြီး ညီညွတ်ဆီလျော်မှုရှိပါက လိုက်နာဆောင်ရွက်မှုကို စောင့်ကြည့်ထိန်းညှိကူညီရမည်၊

(ဇ) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများနှင့် ဆက်စပ်လျက်ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကို ကြားနာစိစစ်၍ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြအစီရင်ခံရမည်။

**ကော်မတီ၏ဆောင်ရွက်ချက်များ**

၁၄။ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီသို့ ပေးပို့လာသော တိုင်ကြားစာများအား လိုအပ်သလို ဆက်လက်အရေးယူဆောင်ရွက်ခြင်း၊ လက်ရှိကျင့်သုံးလျက်ရှိသော ဥပဒေများအား ပြင်ဆင်ခြင်း၊ အသစ်ရေးဆွဲခြင်း၊ ရုပ်သိမ်းခြင်း စသည့်လုပ်ငန်းတာဝန်များ ထိရောက်မြန်ဆန်စွာ ဆောင်ရွက်နိုင်ရန် ကော်မတီတွင် အပတ်စဉ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးများအပြင် ကော်မတီဝင်များမှ အစုအဖွဲ့အလိုက်တာဝန်ခွဲဝေ၍ နေ့စဉ်တိုင်ကြားစာများအား ဖတ်ရှုလေ့လာအကြံပြုခြင်းများကို ဆောင်ရွက်လျက်ရှိပါသည်။

**တိုင်ကြားစာများ ဆောင်ရွက်ထားရှိမှုအခြေအနေ**

၁၅။ ကော်မတီသို့ ဒေသအသီးသီးက ပြည်သူ့ရေးရာကိစ္စနှင့်စပ်လျဉ်း၍ ပြည်သူလူထုမှ အကူအညီတောင်းခံရောက်ရှိလာသည့် တိုင်စာ၊ အမှုတွဲ စုစုပေါင်း ၂၃၀ စောင်ကို ကော်မတီဝင်များမှ လေ့လာစိစစ်ပြီး အချက်အလက်ခိုင်လုံသော တိုင်စာ၊ အမှုတွဲများကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၊ ပြည်နယ်/တိုင်းဒေသကြီး ဝန်ကြီးချုပ်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ညွှန်ကြားချက်များနှင့်အညီ စောင်ရေ (၁၂၂)စောင်ကို ဆက်လက်ပေးပို့ ညှိနှိုင်းဆောင်ရွက်ခဲ့ပါသည်။ သက်ဆိုင်ရာဌာနမှ ပြန်ကြားစာလာသည့် ပြန်ကြားစာပေါင်း ၅၂ စောင်ကိုလည်း တိုင်စာပေးပို့သူများထံ လိပ်စာအပြည့်အစုံဖော်ပြ၍ ပြန်ကြားပေးခဲ့ပြီးဖြစ်ပါသည်။ တိုင်စာ၊ အမှုတွဲများအနက် ကော်မတီမှ ဆက်လက်ဆောင်ရွက်ရန် မသင့်သောဝင်စာများအား မှတ်တမ်းအဖြစ် ၉၄ စောင်ထားရှိပြီး မိမိကော်မတီနှင့် မသက်ဆိုင်သည့် တိုင်စာ၊ အမှုတွဲများကိုလည်း သက်ဆိုင်ရာ ကော်မတီများသို့ ၉ စောင်လွှဲပြောင်းပေးပို့ခဲ့ပြီးဖြစ်ပါသည်။ ဆောင်ရွက်ရန် ကျန်ရှိသောအမှုတွဲ ၁၄ စောင်ကို အမြန်ဆုံးပြန်ကြားနိုင်ရေး ဆက်လက်ဆောင်ရွက်

လျက်ရှိပါသည်။ **(တိုင်ကြားစာ ဆောင်ရွက်ထားရှိမှု အသေးစိတ်ကို နောက်ဆက်တွဲ (က) ဖြင့် တင်ပြအပ်ပါ သည်။)**

**ဥပဒေများ ပြင်ဆင်ခြင်း၊ အသစ်ရေးဆွဲခြင်း၊ ရုပ်သိမ်းခြင်း**

၁၆။ ကော်မတီက တာဝန်ယူဆောင်ရွက်လျက်ရှိသော ပြည်ထဲရေးဝန်ကြီးဌာနနှင့် သက်ဆိုင်သည့် ဥပဒေ(၄၇)ခုထဲမှ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၇ နည်းဥပဒေခွဲ(စ)တို့နှင့်အညီ ကော်မတီအနေဖြင့် ပြင်ဆင်ရန်အတွက် ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့တင်ပြဆောင်ရွက်ခဲ့ပါသည်။ ကော်မတီက စတင်တင်သွင်းသည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီနှင့် ပူးပေါင်းညှိနှိုင်းဆွေးနွေးဆောင်ရွက်မှုများ ပြုလုပ်ပြီး ဥပဒေကြမ်းကော်မတီက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးသို့ ပြင်ဆင်ရန် ဆက်လက်တင်ပြ၍ ၂၉.၇.၂၀၁၆ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၃၃/၂၀၁၆)ဖြင့် ပြင်ဆင်ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

၁၇။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေနှင့် ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေတို့ကို ပြင်ဆင်ရန်သော်လည်းကောင်း၊ သက်ကြီးရွယ်အိုဆိုင်ရာဥပဒေနှင့် တရားခံလွှဲပြောင်းရေးဆိုင်ရာဥပဒေတို့ကို အသစ်ရေးဆွဲရန်သော်လည်းကောင်း၊ ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေနှင့် ၁၉၇၅ ခုနှစ်၊ နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ ဘေးအန္တရာယ်မှကာကွယ်စောင့်ရှောက်သည့်ဥပဒေတို့ကို ရုပ်သိမ်းရန်သော်လည်းကောင်း ဥပဒေကြမ်းကော်မတီ အစည်းအဝေးများသို့တက်ရောက်၍ ပူးပေါင်းညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။

၁၈။ ကော်မတီက တာဝန်ယူဆောင်ရွက်လျက်ရှိသော ဥပဒေများထဲမှ အောက်ဖော်ပြပါဥပဒေ (၅)ခုကို ဦးစားပေးအနေဖြင့် ပြင်ဆင်ရန်ရှိပါသည် -

| | | |
|---|---|---|
| (က) | The Arms Act ( India Act II,1878,Vol.II) | ပြည်ထဲရေး ပြင်ဆင်ရန် |
| (ခ) | အထူးစုံစမ်းစစ်ဆေးမှုအုပ်ချုပ်ရေးအဖွဲ့နှင့်အထူးစုံစမ်း စစ်ဆေးရေးဌာနအက်ဥပဒေ | ॥ ॥ |

| | | | |
|---|---|---|---|
| (ဂ) | ၁၉၆၀ပြည့်နှစ်၊ မြို့ပြဆိုင်ရာဌာနရမ်းခ ကြီးကြပ်ရေးအက်ဥပဒေ | ။ | ။ |
| (ဃ) | လောင်းကစားဥပဒေ (ဥပဒေအမှတ်၊ ၆/၁၉၈၆) | ပြည်ထဲရေး | ဆောင်ရွက်ဆဲ |
| (င) | ကလေးသူငယ်ဥပဒေ(ဥပဒေအမှတ်၉/၉၃) | လူကယ်ပြန် | ပြင်ဆင်ရန် |

၁၉။ ကော်မတီအနေဖြင့် အထက်ဖော်ပြပါ ဆောင်ရွက်ရန်ရှိသော ဦးစားပေးဥပဒေ (၅)ခုထဲမှ လောင်းကစားဥပဒေကို ပြင်ဆင်ရေးဆွဲနိုင်ရန်အတွက် ဥပဒေကြမ်းကော်မတီ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်များသို့ ဖိတ်ကြား၍ အစည်းအဝေးများ ပြုလုပ်ဆောင်ရွက်လျက်ရှိပါသည်။

**ကော်မတီ၏ ကြားနာမှုများ**

၂၀။ ကော်မတီသည် စတင်ဖွဲ့စည်းသည့် ပထမပုံမှန်အစည်းအဝေးမှ စတုတ္ထပုံမှန် အစည်းအဝေးအထိ ကော်မတီတွင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁၉)ကြိမ်၊ ပြည်တွင်း/ပြည်ပဧည့်သည်များ လက်ခံတွေ့ဆုံဆွေးနွေးမှု(၇)ကြိမ်၊ လောင်းကစားဥပဒေကို ပြင်ဆင်သည့်ဥပဒေနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းအစည်းအဝေး(၁)ကြိမ်၊ ဥပဒေ(၄၇)ခုနှင့်သက်ဆိုင်သည့် ပြည်ထဲရေးဝန်ကြီးဌာနနှင့် အစည်းအဝေး(၁)ကြိမ်၊ သက်ငယ်မုဒိမ်းနှင့် သက်ဆိုင်သည့် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် အစည်းအဝေး(၁)ကြိမ်၊ စုစုပေါင်းအစည်းအဝေး (၂၉)ကြိမ် ပြုလုပ်ခဲ့ပါသည်။ ဥပဒေကြမ်းကော်မတီတွင်လည်း ဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ ကျင်းပပြုလုပ်သော အစည်းအဝေးများသို့ ကော်မတီဝင်များ တက်ရောက်ခဲ့သည်မှာ စုစုပေါင်း (၂၉) ကြိမ် ရှိပါသည်။

၂၁။ ကော်မတီသည် လွှတ်တော်ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့် ပြည်တွင်း/ပြည်ပအရပ်ဘက် အဖွဲ့အစည်းများနှင့်လည်း လက်ခံတွေ့ဆုံ ဆွေးနွေးမှုများကို စုစုပေါင်း (၇)ကြိမ် ပြုလုပ်ခဲ့ပါသည်။ ကော်မတီက လက်ခံတွေ့ဆုံခဲ့သည့် အဖွဲ့အစည်းများမှာ ပြည်ကြီးခင်အရပ်ဘက်အဖွဲ့အစည်းများ၊ Justice Base မှ အဖွဲ့များ၊ NDI ၏ အကြံပေးဖြစ်သူ မစ္စအဲလီဇဘက်ဝီယာနှင့်အဖွဲ့၊ အရပ်ဘက်အဖွဲ့အစည်း AAPP (Assistant Association for Political Prisoner ) အဖွဲ့၊ 359 Group International Japan

Co.Ltd မှ အဖွဲ့ဝင်များ၊ UNDP မှ Mr.Christopher Politis နှင့်အဖွဲ့နှင့် ကျားမရေးရာ တန်းတူညီမျှရေးကွန်ရက် (Gender Equality Network) အဖွဲ့ဝင်များတို့ ဖြစ်ပါသည်။

၂၂။ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် နိုင်ငံတော်၏ အမျိုးသားစီမံကိန်းဥပဒေကြမ်း၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းများ၌ပါဝင်သည့် စီမံကိန်းလုပ်ငန်းများနှင့် ရငွေသုံးငွေများ စိစစ်ရေးပူးပေါင်းအဖွဲ့ (၁၅)တွင် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်(၅)ဦးတို့သည် ပြည်ထဲရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနများက တင်ပြလာသောဘတ်ဂျက်များကို ကြားနာစိစစ်သုံးသပ်မှုများပြုလုပ်ပြီး တွေ့ရှိချက်များကို ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီသို့ ဆက်လက်ပေးပို့ခဲ့ပါသည်။

**လွှတ်တော်မှ ပေးအပ်သော အခြားတာဝန်များ**

၂၃။ ကော်မတီဝင်များသည် ပြည်သူ့လွှတ်တော်၏ တာဝန်ပေးအပ်မှုအရ ပြည်ပခရီးစဉ်သွားရောက်ခဲ့ရာ ကော်မတီဥက္ကဋ္ဌနှင့် ကော်မတီအဖွဲ့ဝင် ဗိုလ်မှူးကြီး ထွန်းသန်းအုန်းတို့သည် ၁၄.၉.၂၀၁၆ ရက်နေ့မှ ၁၇.၉.၂၀၁၆ ရက်နေ့အထိ ကမ္ဘောဒီးယားနိုင်ငံတွင် ကျင်းပသည့် အရှေ့တောင်အာရှဒေသတွင်း လုံခြုံရေးကဏ္ဍ ကြီးကြပ်မှုဆိုင်ရာ ပါလီမန်များဖိုရမ် IPF-SSG ၏ (၁၀)နှစ်ပြည့် နှစ်ပတ်လည်အလုပ်ရုံဆွေးနွေးပွဲသို့လည်းကောင်း၊ ကော်မတီအဖွဲ့ဝင် ဒေါ်ဇင်မာအောင်သည် ၂၃.၇.၂၀၁၆ ရက်နေ့မှ ၂၉.၇.၂၀၁၆ ရက်နေ့ အထိ အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပသည့် United Nations Habitat III Conference သို့လည်းကောင်း၊ ကော်မတီအဖွဲ့ဝင် ဒေါက်တာဦးလင်းလင်းကျော်သည် ၁.၃.၂၀၁၇ ရက်နေ့မှ ၂.၃.၂၀၁၇ ရက်နေ့အထိ ကမ္ဘောဒီးယားနိုင်ငံတွင် ကျင်းပသည့် Improving Security Sector Governance in Southeast Asia အလုပ်ရုံဆွေးနွေးပွဲသို့လည်းကောင်း၊ စုစုပေါင်း (၃) ကြိမ် သွားရောက်ခဲ့ပါသည်။

၂၄။ ကော်မတီဝင်များသည် ပြည်သူ့လွှတ်တော်၏ တာဝန်ပေးအပ်မှုအရ တက်ရောက်ခဲ့သော လွှတ်တော်ပြင်ပ ဆွေးနွေးပွဲများအနေဖြင့် ကော်မတီဥက္ကဋ္ဌ(၇)ကြိမ်၊ အတွင်းရေးမှူး (၁၁)ကြိမ်၊ ကော်မတီအဖွဲ့ဝင်များ စုစုပေါင်း (၅၈) ကြိမ် တက်ရောက်ခဲ့ပါသည်။

၂၅။ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီမှ အဖွဲ့ဝင် ဒေါ်ဇင်မာအောင်သည် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစုပင်လုံ၊ ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ၏

လူမှုရေးကိစ္စရပ်များ ဆွေးနွေးမှုလုပ်ငန်းကော်မတီတွင် အဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပါသည်။

**ကော်မတီကတာဝန် ယူစောင့်ကြည့်ထိန်းညှိရမည့် ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများ**

၂၆။ ကော်မတီက တာဝန်ယူစောင့်ကြည့်ထိန်းညှိရမည့် ဝန်ကြီးဌာနများမှာ ပြည်ထဲရေးဝန်ကြီးဌာန၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ ဖြစ်ပါသည်။

**ကော်မတီမှ တာဝန်ယူဆောင်ရွက်ရမည့် ဥပဒေများ**

၂၇။ ကော်မတီသို့ ယခင် ခွဲဝေသတ်မှတ်ပေးထားသော ဥပဒေ(၇၉)ခု ရှိသည့်အနက် ကော်မတီနှင့် သက်ဆိုင်မှုမရှိသည့် ဥပဒေ(၁၂)ခုကို သက်ဆိုင်ရာကော်မတီများနှင့်ညှိနှိုင်း၍ လွှဲပြောင်းပေးပို့ခဲ့ပါသည်။ ပြည်သူ့လွှတ်တော်ရုံးမှ ဥပဒေများကို ပြန်လည်စိစစ်ပြီး ကော်မတီမှ တာဝန်ယူဆောင်ရွက်ရန် ပြည်ထဲရေးဝန်ကြီးဌာနနှင့် သက်ဆိုင်သည့်ဥပဒေ (၄၇)ခု၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် သက်ဆိုင်သည့် ဥပဒေ(၁၅)ခု၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် သက်ဆိုင်သည့်ဥပဒေ(၅)ခု၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်နှင့် သက်ဆိုင်သည့် ဥပဒေ(၁)ခုတို့ကို ပေးပို့လာသည့်အတွက် စုစုပေါင်းဥပဒေ (၆၈) ခုသာ ကျန်ရှိပါသည်။ **(ဥပဒေစာရင်းများကို နောက်ဆက်တွဲ(ခ) ဖြင့် တင်ပြအပ်ပါသည်။)**

**သုံးသပ်ချက်**

၂၈။ ကော်မတီသည် သက်ဆိုင်ရာဝန်ကြီးဌာနများမှ တင်ပြလာသည့် စီမံကိန်းလုပ်ငန်းများနှင့် ရသုံးမှန်းခြေငွေစာရင်း ဘတ်ဂျက်စိစစ်ရာ၌ ကော်မတီက ဝင်ရောက်စွက်ဖက်မှုမျိုးမဟုတ်ဘဲ Over sight သဘောအရ တာဝန်ခံဆောင်ရွက်သူများနှင့် ကြိုတင်ညှိနှိုင်းဆွေးနွေးခြင်း၊ ကြားနာမှုများပြုလုပ်ခြင်း၊ စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက် သည့်ကာလများတွင် မြေပြင်အခြေအနေကို ကွင်းဆင်းစစ်ဆေးမှုများ ပြုလုပ်ခြင်းဖြင့် ပြည်သူ့ဘဏ္ဍာငွေအား ထိရောက်အကျိုးရှိစွာ သုံးစွဲခြင်း ရှိ/မရှိ သိရှိနိုင်မည်ဖြစ်သည့်အပြင် အောက်ခြေအဖွဲ့အစည်းများ၏ လုပ်ငန်းအခက်အခဲများကိုလည်း သိရှိကူညီဖြေရှင်း ဆောင်ရွက်နိုင်မည်ဟု ယူဆမိပါသည်။

၂၉။ ကော်မတီက တာဝန်ယူစိစစ်ရသည့်ဌာန၊ အဖွဲ့အစည်းများ၏ လက်ရှိကျင့်သုံးနေသော ဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များ၊ ဌာန၏

အစီရင်ခံစာများကို လေ့လာမှုများ ပြုလုပ်ရန်အတွက် တောင်းယူခြင်းနှင့် ဥပဒေများ ပြင်ဆင်၊ ပြဋ္ဌာန်းမည်ဆိုပါက ကော်မတီ၏ အကြံဉာဏ်များရယူခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများ လုပ်ဆောင်သင့်ပါသည်။

၃၀။ ဥပဒေများကို စိစစ်ရာတွင် ပိုမိုပြည့်စုံကောင်းမွန်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်များမှဖြစ်စေ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီနှင့် တိုက်ရိုက် သက်ဆိုင်သည့် ဥပဒေကြမ်းတင်သွင်းရာတွင် အဆိုပါဥပဒေကြမ်းကို စတင်ရေးဆွဲသည့်အချိန်မှစ၍ ကော်မတီအား ညှိနှိုင်းအစည်းအဝေးများသို့ ဖိတ်ကြား သင့်ပါသည်။

၃၁။ ကော်မတီသို့ တိုင်ကြားလာသော တိုင်ကြားစာများနှင့်ပတ်သက်၍ ကွင်းဆင်းစစ်ဆေးရန် လိုအပ်ပါက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ရယူ၍ ကွင်းဆင်းစစ်ဆေးကြားနာခြင်းဖြင့် ပြည်သူများ၏ ယုံကြည်အားကိုးမှု ပိုမိုရရှိနိုင်သည့်အပြင် ပြည်သူများ၏အသံကို ဂရုပြုရာရောက် ပါသည်။

**နိဂုံး**

၃၂။ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီအနေဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိသော ဥပဒေများကို ခေတ်နှင့်လျော်ညီအောင် ပြင်ဆင်ခြင်းများနှင့် ပြည်နယ်/တိုင်းဒေသကြီးအသီးသီးတို့မှ ပြည်သူတို့၏ တိုင်ကြားစာများနှင့်ပတ်သက်၍ ပြည်သူများ နစ်နာဆုံးရှုံးမှုမရှိစေရေးအတွက် သက်ဆိုင်ရာဌာနများ သို့ ဆက်သွယ်ဆောင်ရွက်၍ ပြန်ကြားလာသည့်စာများကို တိုင်ကြားသူ ပြည်သူများထံပေးပို့ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ပြည်သူ့ လွှတ်တော်မှ ပေးအပ်ထားသည့် လုပ်ငန်းတာဝန်များနှင့်အညီ နိုင်ငံတော်နှင့်နိုင်ငံသားများ အကျိုးအတွက် ဆထက်ထမ်းပိုး ကြိုးပမ်းသယ်ပိုးဆောင်ရွက်သွားမည် ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

နောက်ဆက်တွဲ(က)

**ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီသို့ ပြည်နယ်/ တိုင်းအလိုက် တင်ပြစာများရောက်ရှိမှုအခြေအနေ**

**(၂၆.၂.၂၀၁၆ မှ ၂၆.၂.၂၀၁၇ ထိ)**

| စဉ် | ပြည်နယ်/တိုင်း | ဇန်နဝါရီ | ဖေဖော်ဝါရီ | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ | အောက်တိုဘာ | နိုဝင်ဘာ | ဒီဇင်ဘာ | ဇန်နဝါရီ | ဖေဖော်ဝါရီ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁။ | ကချင်ပြည်နယ် | - | - | ၁ | - | ၁ | - | - | - | - | ၁ | - | - | - | ၁ | ၄ |
| ၂။ | ကယားပြည်နယ် | - | - | - | - | - | - | - | - | - | - | - | - | - | - | - |

မူကြမ်း

| | | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၃။ | ကရင်ပြည်နယ် | - | - | - | - | ၃ | - | - | - | - | - | - | - | - | - | ၃ |
| ၄။ | ချင်းပြည်နယ် | - | - | - | - | - | - | - | - | - | - | - | - | ၁ | - | ၁ |
| ၅။ | မွန်ပြည်နယ် | - | - | - | - | ၄ | ၂ | - | ၅ | ၂ | ၃ | ၁ | ၃ | ၃ | ၁ | ၂၄ |
| ၆။ | ရခိုင်ပြည်နယ် | - | - | ၄ | ၁ | ၅ | ၆ | ၄ | ၁ | - | ၂ | ၂ | ၂ | ၄ | ၂ | ၃၃ |
| ၇။ | ရှမ်းပြည်နယ် | - | - | - | - | - | - | - | ၂ | - | - | ၁ | ၁ | - | - | ၄ |
| ၈။ | စစ်ကိုင်းတိုင်း | - | - | ၂ | ၅ | ၂ | ၃ | ၄ | ၁ | ၄ | ၃ | ၃ | ၁ | - | ၂ | ၃၀ |
| ၉။ | ပဲခူးတိုင်း | - | - | ၃ | - | ၈ | ၅ | ၉ | ၆ | - | ၃ | ၃ | ၁ | ၁ | - | ၃၉ |
| ၁၀။ | မကွေးတိုင်း | - | - | - | - | - | - | - | - | ၁ | - | ၁ | - | - | - | ၂ |
| ၁၁။ | မန္တလေးတိုင်း | - | ၁ | ၁ | - | - | ၂ | ၃ | ၄ | ၆ | ၂ | ၃ | ၅ | - | ၂ | ၂၉ |
| ၁၂။ | ရန်ကုန်တိုင်း | - | - | ၁ | ၂ | ၅ | ၃ | ၇ | ၅ | ၁၄ | ၁ | ၃ | ၂ | ၁ | ၁ | ၄၅ |
| ၁၃။ | တနင်္သာရီတိုင်း | - | - | - | - | - | - | - | - | - | - | - | - | - | - | - |
| ၁၄။ | ဧရာဝတီတိုင်း | - | - | - | ၁ | ၁ | ၁ | ၁ | ၄ | - | ၄ | ၁ | - | ၁ | ၂ | ၁၆ |
| **စုစုပေါင်း** | | | **၁** | **၁၂** | **၉** | **၂၉** | **၂၂** | **၂၈** | **၂၈** | **၂၇** | **၁၉** | **၁၈** | **၁၅** | **၁၁** | **၁၁** | **၂၃၀** |

နောက်ဆက်တွဲ (ခ)

## ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီမှ တာဝန်ယူစိစစ်ရမည့် ဥပဒေများစာရင်း

| စဉ် | ဥပဒေအမည်၊ အမှတ်၊ ခုနှစ်၊ အတွဲအမှတ် | သက်ဆိုင်ရာ ဝန်ကြီးဌာန |
|---|---|---|
| ၁။ | The Upper Myanmar Land and Revenue Regulation (Reg.3, 1889, Vol.III) | ပြည်ထဲရေး |
| ၂။ | The Revenue Recovery Act (India Act 1, 1890,Vol.III) | ״ |
| ၃။ | The State Grants Act (India Act 15, 1895,Vol.10) | ״ |
| ၄။ | The Unlawful Associations Act (India Act 4, 1908,Vol.II) | ״ |
| ၅။ | The Myanmar Passport Act (India Act 34, 1920 VoL.1) | ״ |
| ၆။ | The Myanmar Official Secrets Act (19/1923) | ״ |
| ၇။ | The Public Property Protection Act (83/1947) | ״ |
| ၈။ | The Public Order (Preservation) Act (Myanmar Act 16, 1947, Vol.II) | ״ |
| ၉။ | ၁၉၅၁ ခုနှစ်၊ ရာဇဝတ်ဥပဒေပြင်ဆင်ချက်အက် ဥပဒေ | ״ |

| စဉ် | ဥပဒေအမည်၊ အမှတ်၊ ခုနှစ်၊ အတွဲအမှတ် | သက်ဆိုင်ရာ ဝန်ကြီးဌာန |
|---|---|---|
| | (ဥပဒေအမှတ် ၁၉/၁၉၅၁ ခုနှစ်၊ အတွဲ-၈) | |
| ၁၀။ | ၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေး ဥပဒေ(ဥပဒေအမှတ် ၁/ ၁၉၆၃) | ။ |
| ၁၁။ | တရားမဝင်သော နည်းလမ်းဖြင့်ရရှိသည့် ပစ္စည်းများပိုင်ဆိုင်ခြင်း၊ ရောင်းဝယ်ခြင်းကို အရေးယူသည့်ဥပဒေ (ဥပဒေအမှတ် ၃/၁၉၈၆) | ။ |
| ၁၂။ | လောင်းကစားဥပဒေ (ဥပဒေအမှတ် ၆၊ ၁၉၈၆ ခုနှစ်) | ။ |
| ၁၃။ | မရွှေ့မပြောင်းနိုင်သော ပစ္စည်းလွှဲပြောင်းခြင်းကို ကန့်သတ်သည့်ဥပဒေ (ဥပဒေ အမှတ် ၁၊ ၁၉၈၇ ခုနှစ်) | ။ |
| ၁၄။ | မြန်မာနိုင်ငံရဲတပ်ဖွဲ့စည်းကမ်းထိန်းသိမ်းရေးဥပဒေ (နဝတဥပဒေအမှတ် ၄/၁၉၉၅) | ။ |

| စဉ် | ဥပဒေအမည်၊ အမှတ်၊ ခုနှစ်၊ အတွဲအမှတ် | သက်ဆိုင်ရာ ဝန်ကြီးဌာန |
|---|---|---|
| ၁၅။ | ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်းအကူအညီပေးရေးဥပဒေ (နယကဥပဒေအမှတ် ၄/ ၂၀၀၄) | ပြည်ထဲရေး |
| ၁၆။ | လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ (ဥပဒေအမှတ် ၅/ ၂၀၀၅) | ။ |
| ၁၇။ | နိုင်ငံတော်အလံဥပဒေ (ဥပဒေအမှတ် ၈/ ၂၀၁၀) | ။ |
| ၁၈။ | နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ဥပဒေ (ဥပဒေအမှတ် ၉/ ၂၀၁၀) | ။ |
| ၁၉။ | နိုင်ငံတော်သီချင်းဥပဒေ(ဥပဒေအမှတ် ၁၀/၂၀၁၀) | ။ |
| ၂၀။ | လက်နက်(အရေးပေါ်ပြစ်ဒဏ်စီရင်မှု)(ယာယီ) အက်ဥပဒေ (ဥပဒေအမှတ် ၃၁/ ၁၉၄၉) | ။ |
| ၂၁။ | The Arm (Temporary Amendment) Act (51/1951) | ။ |
| ၂၂။ | The District Cesses Act (India Act 2,1889,Vol.III) | ။ |
| ၂၃။ | ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ | ။ |

| စဉ် | **ဥပဒေအမည်၊ အမှတ်၊ ခုနှစ်၊ အတွဲအမှတ်** | **သက်ဆိုင်ရာ ဝန်ကြီးဌာန** |
|---|---|---|
| | (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁/ ၂၀၁၂) | |
| ၂၄။ | အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၁/၂၀၁၄) | ။ |
| ၂၅။ | ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေ (ပြည်ထောင်စု လွှတ်တော်ဥပဒေအမှတ် ၃၈/၂၀၁၆) | ။ |
| ၂၆။ | The Lower Myanmar Town and Village Land Act (India Act 4, 1898,Vol.X) | ။ |
| ၂၇။ | နိုင်ငံတော်အထိမ်းအမှတ်များ (ဆင်ယင်ပြသမှုကန့်သတ်ရေး) အက်ဥပဒေ (ဥပဒေအမှတ် ၄၇/၁၉၅၄) | ။ |
| ၂၈။ | The Land and Revenue Act(India Act 2,1876,Vol.III) | ။ |
| ၂၉။ | ၁၉၆၁ ခုနှစ်၊ ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့် ခံဝန်အက်ဥပဒေ (ဥပဒေအမှတ် ၁၂/၁၉၆၁) | ။ |

| စဉ် | **ဥပဒေအမည်၊ အမှတ်၊ ခုနှစ်၊ အတွဲအမှတ်** | **သက်ဆိုင်ရာ ဝန်ကြီးဌာန** |
|---|---|---|
| ၃၀။ | The Myanmar Excise Act (India Act 5, 1817,Vol.III) | ပြည်ထဲရေး |
| ၃၁။ | နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးဆိုင်ရာဥပဒေ (ပထစ ဥပဒေအမှတ် ၂၅/၂၀၁၆) | ။ |
| ၃၂။ | ပြည့်တန်ဆာနှိပ်ကွပ်ရေးအက်ဥပဒေ(ဥပဒေအမှတ် ၂၄/၁၉၄၉) | ။ |
| ၃၃။ | The Land Acquisition Act (India Act 1, 1894,Vol.XI) | ။ |
| ၃၄။ | အထူးစုံစမ်းစစ်ဆေးမှု အုပ်ချုပ်ရေးအဖွဲ့နှင့် အထူးစုံစမ်းစစ်ဆေးရေးဌာန အက်ဥပဒေ (ဥပဒေအမှတ် ၅၀/၁၉၅၁) | ။ |
| ၃၅။ | ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေ | ။ |

**မူကြမ်း**

| စဉ် | ဥပဒေအမည်၊ အမှတ်၊ ခုနှစ်၊ အတွဲအမှတ် | သက်ဆိုင်ရာ ဝန်ကြီးဌာန |
|---|---|---|
| | (ဥပဒေအမှတ် ၈/၁၉၆၀) | |
| ၃၆။ | မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ (နဝတဥပဒေအမှတ် ၁/ ၁၉၉၃) | ။ |
| ၃၇။ | The Myanmar Extradition Act (India Act 15, 1903, Vol. I) | ။ |
| ၃၈။ | The Arms Act (India Act II,1878,Vol.II) | ။ |
| ၃၉။ | The Yangon Police Act (India Act 4, 1899,Vol.I) | ။ |
| ၄၀။ | The Police Act 1945 (6/1945) | ။ |
| ၄၁။ | The Prisons Act (India Act 9, 1894,Vol.I) | ။ |
| ၄၂။ | The Prisoners Act (India Act 3, 1900, Vol.I) | ။ |
| ၄၃။ | The Identification of Prisoners Act (India Act 33, 1920,Vol.I) | ။ |
| ၄၄။ | ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေ (ပထစဥပဒေအမှတ် ၁၁/၂၀၁၄) | ။ |
| ၄၅။ | အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ (ပထစဥပဒေအမှတ် ၂၃/၂၀၁၄) | ။ |

| စဉ် | ဥပဒေအမည်၊ အမှတ်၊ ခုနှစ်၊ အတွဲအမှတ် | သက်ဆိုင်ရာ ဝန်ကြီးဌာန |
|---|---|---|
| ၄၆။ | မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဥပဒေ (ပထစဥပဒေအမှတ် ၁၁/၂၀၁၅) | ပြည်ထဲရေး |
| ၄၇။ | နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေ (ပထစဥပဒေအမှတ် ၅/၂၀၁၇) | ။ |
| ၄၈။ | မြန်မာဗုဒ္ဓဘာသာဝင် မိန်းမများ အထူးထိမ်းမြား ခြင်းဆိုင်ရာဥပဒေ (ပထစဥပဒေအမှတ် ၅၀/၂၀၁၅) | ပြည်ထောင်စုတရားလွှတ်တော်ချုပ် |
| ၄၉။ | တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာ | ။ |

**မူကြမ်း**

| စဉ် | ဥပဒေအမည်၊ အမှတ်၊ ခုနှစ်၊ အတွဲအမှတ် | သက်ဆိုင်ရာ ဝန်ကြီးဌာန |
|---|---|---|
| | ဥပဒေ(ပထစဥပဒေအမှတ် ၅၄/၂၀၁၅) | |
| ၅၀။ | The Caste Disabilities Removal Act<br>(India Act 21, 1850, Vol. XI) | ॥ |
| ၅၁။ | The Hindu Window's Re-marriage Act<br>(India Act 15, 1856, Vol. XI) | ॥ |
| ၅၂။ | The Myanmar Divorce Act (India Act 4, 1869, Vol. XI) | ॥ |
| ၅၃။ | The Special Marriage Act (India Act 3, 1872, Vol. XI) | ॥ |
| ၅၄။ | The Christian Marriage Act (India Act 15, 1872, Vol. XI) | ॥ |
| ၅၅။ | The Married Women's Property Act (India Act 3, 1874, Vol. XI) | ॥ |
| ၅၆။ | The Anand Marriage Act (India Act 7, 1909, Vol. XI) | ॥ |
| ၅၇။ | The Hindu Disposition of Property Act (India Act 15, 1916, Vol. XI) | ॥ |
| ၅၈။ | The Hindu Inheritance (Removal of Disabilities) Act<br>(India Act 12, 1928, Vol. XI) | ॥ |
| ၅၉။ | The Hindu Law of Inheritance Amendment Act<br>(India Act 2, 1929, Vol. XI) | ॥ |
| ၆၀။ | The Hindu Gains of Learning Act (India Act 30,1930, Vol. XI) | ॥ |

| စဉ် | ဥပဒေအမည်၊ အမှတ်၊ ခုနှစ်၊ အတွဲအမှတ် | သက်ဆိုင်ရာ ဝန်ကြီးဌာန |
|---|---|---|
| ၆၁။ | The Parsi Marriage and Divorce Act (India Act 3, 1936, Vol. XI) | ပြည်ထောင်စုတရားလွှတ်တော်ချုပ် |
| ၆၂။ | မူဆလင် လင်မယားကွာရှင်းရေးအက်ဥပဒေ | ॥ |

**မူကြမ်း**

| စဉ် | ဥပဒေအမည်၊ အမှတ်၊ ခုနှစ်၊ အတွဲအမှတ် | သက်ဆိုင်ရာ ဝန်ကြီးဌာန |
|---|---|---|
| | (ဥပဒေအမှတ် ၁၄၊ ၁၉၅၃ ခုနှစ်၊ အတွဲ-၁၁) | |
| ၆၃။ | ကလေးသူငယ်ဥပဒေ (နဝတဥပဒေအမှတ် ၉/၁၉၉၃) | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး |
| ၆၄။ | မသန်စွမ်းသူများ၏အခွင့်အရေးဥပဒေ (ပထစဥပဒေအမှတ် ၃၀/၂၀၁၅) | ။ |
| ၆၅။ | ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေး နှင့်ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေ (ပထစဥပဒေအမှတ် ၄/၂၀၁၄) | ။ |
| ၆၆။ | သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေ (ပထစဥပဒေအမှတ် ၂၁/၂၀၁၃) | ။ |
| ၆၇။ | သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေ (ပထစဥပဒေအမှတ် ၄၄/၂၀၁၆) | ။ |
| ၆၈။ | အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ (ပထစဥပဒေအမှတ် ၂၃/၂၀၁၃) | အဂတိကော်မရှင် |

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီရဲ့အစီရင်ခံစာနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုတဲ့လွှတ်တော်ကိုယ်စားလှယ်များရှိပါက ၁၀-၇-၂၀၁၇ ရက်နေ့(တနင်္လာနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော တာတမံဥပဒေကြမ်းကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက် အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေး၍ ပြင်ဆင်ချက်ဖြင့်အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ပေးပို့ထားသော တာတမံဥပဒေကြမ်းကို ၃-၇-၂၀၁၇ ရက်နေ့တွင် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြင်ဆင်ချက်မိတ္တူများကိုလည်း ကိုယ်စားလှယ်များထံ ဖြန့်ဝေပြီးဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်အပေါ် ဆွေးနွေးရန် အဆိုတင်သွင်းလိုသူများအနေနဲ့ ပြင်ဆင်လိုတဲ့ဥပဒေကြမ်းရဲ့အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၁၄-၇-၂၀၁၇ ရက်(အင်္ဂါနေ့)ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။ (သြဘာသံများ)

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၈)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး(၂၈)ရက်မြောက်နေ့ကို ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်(တနင်္လာနေ့) နေ့လယ် ၁ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၂၅။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး(၂၇)ရက်မြောက်နေ့ကို ၁၁း၂၅ နာရီအချိန်တွင် ရပ်နားပါသည်။

**မူကြမ်း**

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၇) ရက်မြောက်နေ့
## (၇.၇.၂၀၁၇) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့်
## ပုဂ္ဂိုလ်များ



ဦးကျော်ရွှေ
(ရမ်းဗြဲ မဲဆန္ဒနယ်)



ဦးအောင်လှိုင်ဝင်း
(မင်္ဂလာဒုံ မဲဆန္ဒနယ်)



ဦးပါထန်း
(မတူပီ မဲဆန္ဒနယ်)



ဦးအာမိုးဆီ
(ခေါင်လန်ဖူး မဲဆန္ဒနယ်)



ဦးမြင့်ဦး
(သနပ်ပင် မဲဆန္ဒနယ်)



ဦးမျိုးညွန့်
(ဟုမ္မလင်း မဲဆန္ဒနယ်)



ဦးထွန်းခင် (အဖွဲ့ဝင်)
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်



ဦးဝင်းမော်ထွန်း (ဒုတိယဝန်ကြီး)
ပညာရေးဝန်ကြီးဌာန

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်